**ငြိမ်းချမ်းရေးဖြစ်စဉ်ရက်စွဲစဉ်မှတ်တမ်း**
**အတွဲ (၂)၊ အမှတ် (၁၅)၊ ဩဂုတ် ၂၀၁၈**

ယခုရက်စွဲမှတ်တမ်းပါ အချက်အလက်များသည် မြန်မာ့အရေး လေ့လာသူများအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်မှ ဩဂုတ် ၂၈ ရက်နေ့အတွင်း ဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများ၊ ဆွေးနွေးမှုများနှင့် တခြားသော ဆက်စပ်သတင်းများအား မီဒီယာများမှတဆင့် မှတ်တမ်းတင်ထားသော ရက်အလိုက် ငြိမ်းချမ်းရေးသတင်း စုစည်းချက်များ ဖြစ်ပါသည်။ ထို့ကြောင့် ရက်စွဲမှတ်တမ်းပါ အချက်အလက်များသည် မြန်မာ့အရေးလေ့လာသူများ၏ အမြင်နှင့် အာဘော်မဟုတ်ဘဲ ငြိမ်းချမ်းရေးနှင့် ပတ်သက်သော မီဒီယာဖော်ပြချက်များအား စုစည်းပေးထားခြင်းသာဖြစ်ပါသည်။ မြန်မာ့အရေးလေ့လာသူများအဖွဲ့မှ ထုတ်ဝေလျက်ရှိသော ငြိမ်းချမ်းရေး ရက်စွဲစဉ်မှတ်တမ်းများအား ပိုမိုကောင်းမွန်စေရန်အတွက် အကြံပြုချက်များပေးပါရန် အကူအညီ တောင်းခံအပ်ပြီး၊ အကြံပြုချက်များ ပေးပို့လိုသည်များရှိပါက bcmg.burma.org@gmail.com နှင့် ဖုန်း - 09-796636737 တို့ကို ဆက်သွယ်နိုင်ပါသည်။

မြန်မာ့အရေးလေ့လာသူများအဖွဲ့

# လက်နက်ကိုင်ပဋိပက္ခ

## ရှမ်း

ဩဂုတ်လ ၁၅ ရက်နေ့ နံနက် ၈ နာရီဝန်းကျင်ခန့်တွင် သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) နှင့် တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA) ၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) တပ်ပေါင်းစုတို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ရာ မန်ချယ်ရွာသား ၄ ဦးသည် တိုက်ပွဲတွင်း ပိတ်မိနေကြောင်း ၎င်းတို့နှင့် ဆက်သွယ်ရခဲ့သည့် မန်ချယ်ရွာသားတစ်ဦးမှ Marnagar သတင်းဌာနသို့ ပြောခဲ့သည်။ မန်လီဘုန်းတော်ကြီးကျောင်းတွင် ရောက်ရှိနေသည့် စစ်ဘေးရှောင် မန်ချယ်ရွာသားတစ်ဦးမှ **"သူတို့နဲ့ဖုန်းဆက်တုန်းက ထွက်လာလို့မရတော့ဘူးတဲ့ အိမ်ထဲဝပ်နေရတယ်။ အချင်းချင်း ပစ်ခတ်နေကြတယ်"** ဟု ပြောခဲ့သည်။ (Marnagar)

ဩဂုတ်လ ၁၂ ရက်မှ ၁၅ ရက်နေ့အထိ တိုက်ပွဲများ နေ့စဉ်ဖြစ်ပွားနေခြင်းဖြစ်ပြီး လက်ရှိတွင် မြန်မာတပ်မတော်မှ စစ်အင်အားများဆက်တိုက်ဖြည့်တင်း နေကြောင်း၊ **"ဒီဘက်မှာ သျှမ်းတပ်တွေသိပ်မရောက်ဘူး။ ဝမ့်ဟိုင်းတပ်တော့ မကြာမကြာရောက်တတ်ပါတယ်။ အများဆုံးက ကချင်တပ်ဖွဲ့နဲ့ မြောက်ပိုင်းမဟာမိတ်တပ်ဖွဲ့ဘဲရှိတယ်။ အခုတိုက်ပွဲပြင်းထန်နေတာက မုံးဝင်း၊ တာမိုးညဲ ဘက်ကပေါ့။ အခု ကွတ်ခိုင်ကနေ အစိုးရစစ်အင်အားထပ်တက်သွားတယ်** "– ဟု ဒေသအတွင်း နေထိုင်သည့် သျှမ်းလူငယ် စိုင်းလုမှ ပြောခဲ့သည်။ တာမိုးညဲဘက်တွင် ဖြစ်ပွါးနေသော တိုက်ပွဲတွင် မြန်မာတပ်မတော်ဘက်မှ တပ်မ ၁၁ ၊ တပ်မ ၆၆

နှင့် ဒေသအတွင်းနေထိုင်လုပ်ရှားသည့်တပ်ရင်းများဖြစ်ပြီး မြောက်ပိုင်းမဟာ မိတ် တပ်ဖွဲ့ဘက်ကမူ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)၊ မြန်မာနိုင်ငံအမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော် (MNDAA) နှင့် တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) တို့ ဖြစ်သည်။ (Shannews)

ဩဂုတ်လ ၁၅ ရက်နေ့ နံနက် ၈ နာရီဝန်းကျင်ခန့်တွင် သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) နှင့် တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA) ၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) တပ်ပေါင်းစုတို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ရာ မန်ချယ်ရွာသား ၄ ဦးသည် တိုက်ပွဲတွင်း ပိတ်မိ နေကြောင်း ၎င်းတို့နှင့် ဆက်သွယ်ရခဲ့သည့် မန်ချယ်ရွာသားတစ်ဦးမှ Marnagar သတင်းဌာနသို့ ပြောခဲ့သည်။ မန်လီ ဘုန်းတော်ကြီးကျောင်းတွင် ရောက်ရှိနေသည့် စစ်ဘေးရှောင် မန်ချယ်ရွာသားတစ်ဦးမှ **"သူတို့နဲ့ဖုန်းဆက်တုန်းက ထွက်လာလို့မရတော့ဘူးတဲ့ အိမ်ထဲဝပ်နေရတယ်။ အချင်းချင်း ပစ်ခတ်နေကြတယ်"** ဟု ပြောခဲ့ သည်။ (Marnagar)

ဩဂုတ်လ ၁၅ ရက် နံနက်ပိုင်း ၀၉း၁၅ နာရီမှ ၁၃း၃၀ နာရီထိ ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ်၊ ပန်လုံကျေးရွာတွင် ရှမ်းပြည်ပြန်လည် ထူထောင် ရေး ကောင်စီ (RCSS) နှင့် တအာင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) တို့ ၅ နာရီကျော်ကြာ နစ်ဖက် ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ (TNLA)

ရှမ်းပြည်နယ် မြောက်ပိုင်း နမ္မတူမြို့နယ် ပန်လုံကျေးရွာအနီးတွင် တပ်မတော်၊ သျှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ (RCSS/SSA) တပ်များနှင့် မြောက်ပိုင်း မဟာမိတ်တပ်ဖွဲ့တို့ကြား ဩဂုတ်လ ၁၆ ရက်နေ့ အထိ စစ်ရေးတင်းမာနေသဖြင့် ဒေသခံများတိုက်ပွဲဖြစ်ပွားမှာ စိုးရိမ်နေကြသည်ဟု ပန်လုံရွာသား ဦးလှမြင့်မှ ပြောခဲ့သည်။ **"ပြီးခဲ့တဲ့ ၂ ရက် ၃ ရက်က TNLA အဖွဲ့တွေ မန်ချယ်ဘက်က ဝင်လာတယ်၊ RCSS ကတော့ ရွာထဲမှာဖြတ် ပြီးတော့ ရွာရဲ့ အရှေ့ဘက် တောင်ကုန်းရှိတယ်၊ အဲဒီတောင်ကုန်းမှာနေပြီးတော့ သူတို့ နစ်ဖက်စလုံးပေါ့ ရင်ဆိုင်နေတဲ့ သဘောမျိုးပေါ့ဗျာ၊ စိန်ခေါ်တဲ့ သဘောပေါ့၊ တစ်ဖက်နဲ့ တစ်ဖက် ထုနေကြတာပဲ၊ ကြီးကြီး ကျယ်ကျယ်တော့ မဟုတ်ဘူးပေါ့၊ အဝေးကနေ လက်နက်ကြီးနဲ့ လှမ်းပစ်တယ်၊ အဲလိုမျိုး ဖြစ်နေတယ်၊ အဲဒါကြောင့် ပြည်သူတွေက ထိတ်လန့်ပြီးတော့ ထွက်ပြေးတာပါ"**ဟု ဦးလှမြင့်မှ ပြောခဲ့သည်။ (RFA) (Marnagar)

ဩဂုတ်လ ၁၇ ရက်နေ့ နံနက် ၉ နာရီမှ ၁၁ နာရီအထိ ရှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့နယ် အရှေ့ဘက်မိုင် ၃၀ ကျော်အကွာ မိုင်းယော်တိုက်နယ် အရှေ့ဘက်မိုင် ၂၀ အကွာရှိ ပန်ကိန် ဟိုဆေဒေသတွင် မြန်မာ့ တပ်မတော်နှင့် တအာင်းလွတ်မြောက်ရေးတပ်မတော် (TNLA) ၊ အမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA) ပူးပေါင်းထားသော မြောက်ပိုင်းမဟာမိတ် တပ်မတော်တို့ တိုက်ပွဲ ဖြစ်ပွားခဲ့ သည်။ (ShanNew)

ဩဂုတ်လ ၁၇ ရက်နေ့တွင် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) နှင့် သျှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA) တပ်ဖွဲ့တို့ ပါဝင်သော မြောက်ပိုင်း မဟာမိတ်တပ်ဖွဲ့ဝင် အချို့မှ ပူးပေါင်း စစ်ကြောင်းသည် နမ္မတူမြို့နယ် မန်စံကျေးရွာအုပ်စုအတွင်းရှိ မန်စံကျေးရွာအုပ်စု နောင်အော် ကျေးရွာနေ ရွာသားတစ်ဦး ဖြစ်သည့် စိုင်းတောင်း အသက် ၅၀နှစ်အား ယာခင်းထဲ၌ အလုပ်လုပ်ကိုင်နေစဉ် မြောက်ပိုင်း မဟာမိတ် တပ်ဖွဲ့ဝင် အချို့၏ ပူးပေါင်း စစ်ကြောင်းမှ ဖမ်းဆီးရိုက်နက်ခဲ့ကြောင်း အမည်မဖော်လိုသူ ဒေသခံတစ်ဦးမှ ပြောခဲ့သည်။ (TaiFreedom)

ဩဂုတ်လ ၁၇ ရက်နေ့  နံနက် ၈:၂၀ အချိန်ခန့်တွင် ပစ္စတိုသေနတ်ကိုယ်စီ ကိုင်ဆောင်ထားသည့် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) အဖွဲ့ဝင် ၄ ဦးသည် အစိမ်းရောင် ပါဂျဲရိုကား (ကားအမှတ် ၄၂၈၀) ဖြင့် နမ့်ခမ်းမြို့နယ် ဟိုနောင်ရပ်ကွက်အတွင်းရှိ စိုင်းလောဝ်ဝမ်း၏ ဇနီးဖြစ်သူ နန်းအေးဟွမ် အသက် (၃၆) နှစ်အား ဖမ်းဆီးခဲ့သည်ဟု သျှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ  (RCSS) ပိုင်သော TaiFreedom သတင်းဌာနတွင် ဖော်ပြခဲ့သည်။ TNLA မှ နမ့်ခမ်းမြို့ရှိ အမျိုးသမီးတစ်ဦးအား ဖမ်းဆီး ခေါ်ဆောင်သွားသည့် အပေါ်ရှုံ့ချကြောင်းနှင့် အမြန်ဆုံးပြန်လွှတ်ပေးရန် နမ့်ခမ်းမြို့ရှိ လူငယ်များ ကွန်ရက်အဖွဲ့မှ ဩဂုတ်လ ၁၉ ရက်နေ့တွင် တောင်းဆိုခဲ့သည်။  (TaiFreedom) (NMG) (Shan New) (BBC) (7Day)

ဩဂုတ်လ ၁၉ ရက်နေ့ နံနက်ပိုင်း ၁၁း၃၀ နာရီမှ ၁၄း၀၀ အချိန်ထိ ရှမ်းပြည်နယ် မိုင်ငေါ့မြို့နယ်ခွဲ နမ့်ဖိတ်ကျေးရွာနှင့် လွယ်ပန်တန်ကျေးရွာကြားတွင် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) နှင့် မြန်မာ့တပ်မတော် တပ်မ ၇၇ လက်အောက်ခံ ခလရ ၆ တို့ တိုက်ပွဲတကြိမ် ဖြစ်ပွားခဲ့ပြီး၊ ညနေပိုင်း ၁၆း၀၀ နာရီမှ ၁၉း၀၀ နာရီထိ တစ်ကြိမ် ထပ်မံ တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ (TNLA)

၂၀ ရာစု ပင်လုံညီလာခံ (တတိယအကြိမ်) အစည်းအဝေးပြီးသည့် နောက်ပိုင်းမှ စတင်ကာ မြန်မာတပ်မတော်နှင့် တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA) တို့ တိုက်ပွဲဖြစ်ပွားသည့် အကြိမ်အရေအတွက်မှာ ၁၅ ကြိမ်ထိရှိပြီဟု TNLA ပြောခွင့်ရပုဂ္ဂိုလ် ဗိုလ်မှူး တာအိုက်ကျော်မှ ပြောခဲ့သည်။ " **ဒီလ (ဩဂုတ်လ) ထဲမှာတော့ တိုက်ပွဲက ၆ ကြိမ်လောက်တော့ရှိပြီ** " ဟု ပြောခဲ့သည်။ (Mizzima)

ဩဂုတ် ၂၀ ရက် နံနက် ၈ နာရီမှ ၉ နာရီခွဲဝန်းကျင်ထိ မြန်မာ့တပ်မတော်နှင့် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တို့အကြား ၁နာရီ ကျော်ကြာ တိုက်ပွဲဖြစ်ပွားခဲ့သည်။ (Marnagar)

# စစ်ဘေးရှောင်

## ရှမ်း

ရှမ်းပြည်နယ် မြောက်ပိုင်း ကွတ်ခိုင်မြို့နယ် ဝေ့ါငါးကျေးရွာတွင် ပြီးခဲ့သည့် ဩဂုတ်လ ၁၃ ရက်၌ မြန်မာတပ်မတော်မှ လက်နက်ကြီး လက်နက်ငယ်များ ပစ်ခတ်ခဲ့မှုကြောင့် ကျေးရွာဒေသခံများ ဘေးလွတ်ရာတောထဲ တိမ်းရှောင်နေရပြီး ဩဂုတ် ၁၅ ရက်ထိ ကျေးရွာသို့ မပြန်နိုင်သေးကြောင်း၊ **"အမျိုးသမီး တွေတော့ ပြန်သွားကြတာများပြီ။ အမျိုးသားအများစုက မပြန်ရဲသေးဘူး။ အခုအခြေနေက မတည်ငြိမ်သေးဘူး။ လမ်းမှာ စစ်ကြောင်းတွေနဲ့ တိုးရင် လမ်းပြ အဖြစ် ခေါ်သွားမှာ ကြောက်တယ်"** ဟု ဝေ့ါငါးရွာခံ အမျိုးသားတစ်ဦးမှ ပြောခဲ့သည်။ (MarnagarNew)

ရှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့နယ် မိုင်းယော်တိုက်နယ်တွင် အစိုးရတပ်နှင့်တအာင်းတပ်ဖွဲ့တို့ကြားတိုက်ပွဲများငြိမ်သွားပြီ ဟုဆိုသော်လည်း ဒေသခံများ စိုးရိမ်မှုရှိနေသေးသဖြင့် ရွာသား ၁၀၀ ဝန်းကျင်တွင် ကား ၂ စီးဖြင့် ဩဂုတ်လ ၂၂ ရက် နံနက်ပိုင်းတွင် လားရှိုးသို့ဆင်းသွားသည်ဟု မိုင်းယော်ဒေသခံ ကျေးရွာအကြီးအကဲ တဦးမှ ပြောခဲ့သည်။ **"တိုက်ပွဲသံတော့ ငြိမ်နေတယ်။ ဒါမယ့် ဒီမနက်စောစော ရွာသား ၁၀၀ လောက် မိုင်းယော်ကနေကား ၂ စီး အပြည့်နဲ့ လားရှိုး ကိုသွားတာ။ တမြန်နေ့တုန်းကတော့ ဒေသခံတရုတ်ရွာသူရွာသားတွေလေ မိုင်းယော်ကိုရောက်လာတာ။ သူတို့တော့ နီးစပ်ရာဆွေမျိုးတွေ အိမ်မှာနေနေတာ။ ရွာဘက်က အခြေအနေက တင်းမာနေတုန်းမို့ အခြေအနေစိတ်မချသေးလို့နေမယ်"** ဟု ပြောခဲ့သည်။ (ShanNew)

တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) ၊ သျှမ်းပြည်တိုးတက်ရေးပါတီ (SSPP) နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) တို့အကြား စစ်ရေးတင်းမာမှုမှတစ်ဆင့် တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားခဲ့သည့် နမ္မတူမြို့နယ် ပန်လုံကျေးရွာအုပ်စုနှင့် မိုင်းမ အုပ်စုမှ ဒေသခံ ၁၆၀၀ ကျော်သည် ဩဂုတ် ၂၃ ရက်တွင် နေရပ် သို့ အသီးသီး ပြန်သွားပြီဖြစ်ကြောင်း နယ်စည်းမခြားပရဟိတ(သီပေါ)မှ ကိုမျိုးမှပြော ခဲ့သည်။ **"သီပေါမြို့ပေါ်မှာ စစ်ဘေးရှောင်တွေ မရှိတော့ဘူး။ ဩဂုတ် ၂၃ ရက် ပို့လိုက်ပြီ ပန်လုံကလူတွေပါ"** ဟု ပြောခဲ့သည်။ (Marnagar)

## ကရင်

ထိုင်း-မြန်မာနယ်စပ်ရှိ ဒုက္ခသည်စခန်းအတွက် စခန်းတွင်း စီမံခန့်ခွဲမှုအသုံးစရိတ်ထောက်ပံ့မှုကို ၂၀၁၈ ခုနှစ် ဩဂုတ်လမှ စပြီး သိသိသာသာ လျှော့ချခြင်း ခံခဲ့ရသဖြင့် ဝန်ထမ်းပေါင်း တစ်ထောင်ကျော်အတွက် အခက်အခဲများနှင့် ရင်ဆိုင်နေရသည်ဟု ဇူလိုင်လအတွက် ထုတ်ပြန်သည့် ကရင် ဒုက္ခသည် ကော်မတီ-KRC ၏ လစဉ် အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။ "အရင်က ကျနော်တို့ဒီနှစ်အတွက် စခန်းတွင်း စီမံခန့်ခွဲမှု ထောက်ပံ့ကြေးကို အကုန်ဖြတ်ဖို့ပြောတယ်။ ဒါပေမဲ့ ကျနော်တို့က တကယ်လို့ အကုန်ဖြတ်မယ်ဆိုရင် စခန်းအတွက် စီမံခန့်ခွဲအုပ်ချုပ်မှုထားစရာဘယ်လို တော့မလဲ။ အဲ့အခါ TBC တာဝန်ရှိသူတွေက ပြန်စဉ်းစားပြီးတော့ ဒီနှစ်ကို ၆၀ ရာခိုင်နှုန်းအထိ လျှော့ချလိုက် တယ်။ နောက်ပြီးအပိုဆောင် အသုံးစရိတ်ကိုလည်း ၇၀ ရာခိုင်နှုန်းလျှော့ချလိုက်တယ်" ဟု KRC အတွင်းရေးမှူး စောဘွယ်စေးမှ ဩဂုတ်လ ၁၇ ရက်နေ့တွင် ပြောခဲ့သည်။ (KIC) (KRCreport_BurmaLibrary)

နှစ်နှစ်နီးပါးကြာ စစ်ဘေးရှောင်နေရသည့် ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်၊ မြိုင်ကြီးငူစစ်ရှောင်စခန်းတွင် လက်ရှိအချိန် ရေကြီးနစ်မြုပ်မှုခံစားနေရပြီး စားနပ်ရိက္ခာ အခက်အခဲ ကြုံတွေ့နေရကြောင်း မြိုင်ကြီးငူစစ်ရှောင် စခန်းမှ စစ်ဘေးဒုက္ခသည်တစ်ဦးက ဩဂုတ်လ ၂၃ ရက်နေ့တွင် ပြောခဲ့သည်။ **"စစ်ဘေးရှောင်တိမ်းနေတာ စက်တင်ဘာလ ဆိုရင် နှစ်နှစ်ပြည့်တော့မှာဖြစ်ပါတယ်။ ကာလကလည်း ရှည်ကြာလာ သလို**

**ရိက္ခာ ပြတ်လပ်မှုကလည်း အကြိမ်ကြိမ်အခါခါ ကြုံတွေ့နေရတာလေ။ လှူဒါန်းမည့်သူ ပုံမှန်မရှိတော့ဒီမှာ နေထိုင်သူအားလုံး အဆင်မပြေ ဖြစ်နေတဲ့ကြားမှာ ရေကလာပြီးနစ်မြှုပ်နေတော့ပိုပြီး စိတ်ထိခိုက်ရပါတယ်။ လက်ရှိ အချိန်မှာ မြိုင်ကြီးငူဘက်မှာ လှူဒါန်းသူတွေ နည်းပါးတော့ စားရေးသောက်ရေး အခက်အခဲရှိနေပါပြီ”** ဟု ပြောခဲ့သည်။ (Eleven)

# ချင်း

နိုင်ငံတကာရောက် ချင်းပြည်ပ ရွှေ့ပြောင်းဒုက္ခသည်များအား ဒုက္ခသည်များအဖြစ် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) က အသိအမှတ်မပြုတော့မည့် အကြောင်း ထုတ်ပြန်ကြေညာချက်အပေါ် နယူးဒေလီရောက် ချင်း ဒုက္ခသည်များဆိုင်ရာ အဖွဲ့အစည်းများမှ ဩဂုတ်လ ၂၀ ရက်နေ့တွင် ကန့်ကွက် ဆန္ဒပြရန် ရည်ရွယ်ထားသော်လည်း UN ၏ ၂၄ ရက်နေ့ အစည်းအဝေးခေါ်စာကြောင့် ကန့်ကွက်မည့် အစီအစဉ်အား ရွှေ့ပြောင်းခဲ့သည်။ (khonumthung)

ဩဂုတ်လ ၂၄ ရက်နေ့၌ နယူးဒေလီရောက် ချင်းဒုက္ခသည်များဆိုင်ရာ ချင်းကော်မြူနီတီ ခေါင်းဆောင် ၆ ဦးနှင့် အိန္ဒိယနိုင်ငံ နယူးဒေလီရှိ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး UNHCR Chief of Mission တို့ တွေ့ဆုံခဲ့ပြီး စက်တင်ဘာ နှင့် အောက်တိုဘာလတွင် ပြုလုပ်မည့် ချင်းဒုက္ခသည်များပြန်ပို့ရေး အင်တာဗျူးကိစ္စကို ရက်ရွှေ့ဆိုင်းလိုက်ပြီး ချင်းပြည်နယ်သို့ သွားရောက်ပြီး အသေးစိတ် လေ့လာစစ်ဆေးသွားမည် ဖြစ်ကြောင်း UNHCR မှ ပြောခဲ့သည်ဟု Chin Refugee Committee (CRC) ဥက္ကဌ Remmawi က ပြောခဲ့သည်။ (Khonumthung)

# ရခိုင်

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် နိဒင်ကျေးရွာ၌ ရှိသည့် မူဆလင် IDP စခန်းကို အပြီးသတ် ပိတ်သိမ်းလိုက်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာအောင်သူရိန်မှ ဩဂုတ်လ ၁၉ ရက်နေ့တွင် ပြောခဲ့သည်။ စခန်းပိတ်သိမ်းလိုက်သည့် မူဆလင်များ၏ ရေရှည်ရပ်တည်နိုင်ရေးအတွက် အစိုးရဘက်မှ ဆက်လက်ပံ့ပိုး ကူညီသွားမယ်လို့လည်း ညွှန်ကြားရေးမှူး ဒေါက်တာ အောင်သူရိန်မှ ပြောခဲ့သည်။ (RFA) (VOA)

# အခြား

ဩဂုတ်လ ၁၄ ရက်နေ့မှ စတင်၍ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်ရှိ လူဦးရေ ၅,၀၀၀ ကျော်ခိုလှုံနေရဆဲဖြစ်သော မြိုင်ကြီးငူ စစ်ဘေးရှောင်စခန်း၌ ဒုတိယအကြိမ် ရေတက်လာသည့် အတွက် အိမ်ထောင်စုအချို့မှာ နီးစပ်ရာနေရာများသို့ ပြောင်းရွှေ့နေထိုင်နေရကြောင်း စခန်းတာဝန်ရှိသူများမှ ပြောခဲ့သည်။ (KIC)

ဩဂုတ်လ ၂၅ ရက်နေ့တွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ကစတင်ပြီး ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မှုများကြောင့် ဘင်္ဂလား ဒေ့ရှ်နိုင်ငံ ထွက်ပြေးခဲ့ရသည့် ရိုဟင်ဂျာ ဒုက္ခသည်များ အကြမ်းဖက်မှု နှစ်ပတ်လည်အဖြစ် ကော့ဇ်ဘဇားဒေသ ဒုက္ခသည်စခန်းများတွင် ဆန္ဒပြပွဲများ ပြုလုပ်ခဲ့ပါသည်။ (RFA)

# လူ့အခွင့်အရေးချိုးဖောက်မှု

## ကချင်

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် တာလောကြီးရွာက ကချင်လွတ်လပ်ရေးတပ်မတော် (KIA) မှ ဖမ်းဆီးသွားသည့်ရွာသား ၄ ဦးထဲမှ ၃ ဦး ပြန်လွတ် လာသည်ဟု တာလောကြီးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းထူးမှ ပြောခဲ့သည်။ **"ဟုတ်ပါတယ်ဗျ။ ၃ ယောက်ပြန်လွတ်ခဲ့ပါပြီဗျာ။ မနေ့ညနေ ၆ နာရီလာက်မှာ ကျနော်တို့ဆီရောက်လာတယ်၊ အဲဒီလွတ်ခဲ့တဲ့ ၃ ယောက်က ရှမ်းတွေဖြစ်နေတယ်၊ ကျန်တဲ့ဟာက ကချင်ကောင်လေး တစ်ယောက် ကျန်နေတာ၊ သူတို့ပြောတာကတော့ ပထမ သူတို့ကို ကချင်တွေလို့ အောက်မေ့ပြီးတော့ ဖမ်းသွားတာတဲ့။ နောက်မှ ဟိုရောက်တော့ ကချင်မဟုတ်ဘဲ ရှမ်းတွေဖြစ်နေလို့ ပြန်လွှတ်ပေးခဲ့တယ်လို့ အဲလိုပြောပါတယ်။ အဲလိုတော့ ဘာမှမပြောဘူးဗျ၊ သူတို့ကို ဘာကိစ္စဖမ်းသွားမှန်းကို အဲလိုမျိုးတော့ မပြောပြဘူးဗျ"** ဟု ပြောခဲ့သည်။ (RFA)

## ရှမ်း

ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့နယ် ကျိုင်းခမ်းဒေသရှိ ကုမ္ပဏီ အလုပ်သမား ၁၂ ဦးကို သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA) မှဖမ်းဆီးထားကြောင်း လူ့အခွင့်အရေးကော်မရှင်၏ ထုတ်ပြန်ချက်အပေါ် စိစစ်ပေးမည်ဟု RCSS/SSA မှ ပြောခဲ့သည်။ **"ကျနော်တို့ RCSS အနေနဲ့ ကျနော် တို့ ကောင်စီရဲ့ ဥပဒေ ကို လိုက်နာရမှာ ဖြစ်သလို၊ SSA ရဲ့ စည်းမျဉ်းကိုလည်း လိုက်နာရမယ်၊ ပြီးတော့ ကျနော်တို့ JMC-U ကနေ လက်မှတ် ထိုးထားတဲ့သူတွေ လိုက်နာရမယ့် စည်းမျဉ်းတွေ ရှိသလို၊ ကျနော်တို့ NCA ကို လိုက်နာဖို့အတွက် ကျနော်တို့ ပန်ကြား ထားပြီး ဖြစ်ပါတယ်။ ဒီနယ်မြေတွေမှာ အမြင်မှားမှု တခုခု ဖြစ်ရင်လည်း ဖြစ်မှာပေါ့နော်။ ဒါပေမယ့် ကျနော်တို့လည်း အတတ်နိုင်ဆုံး စိစစ်ပေးပါ့မယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ဗိုင်းပြီးတော့ စိစစ်ပေးပါ့မယ်"**ဟုRCSS/SSA မှ ပြောခွင့်ရပုဂ္ဂိုလ် ဒု ဗိုလ်မှူးကြီးစိုင်းမိဂ်ျးက ပြောခဲ့သည်။ (Irrawaddy)

ဩဂုတ်လ ၁၅ ရက်နေ့ ညနေ ၄ နာရီကျော်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ် ကွတ်ခိုင်ကြား မန်လွယ်ကျေးရွာ ရှုခင်းသာအတက်၌ လာရှိုးသို့ ကုန်တင်လိုက်ထရတ်ကား မောင်းသူတဦး နှင့် ကွတ်ခိုင်မှ မူဆယ်သို့ သွားမည့် အိမ်စီးကားမောင်းသူတဦးတို့ကို လက်နက်ကိုင် အဖွဲ့တဖွဲ့၏ ပစ်ခတ်မှု ကြောင့် ဒဏ်ရာရရှိကြောင်း အခင်းဖြစ်ချိန်တွင် သေနတ်ဒဏ်ရာရရှိသူကို ဆေးရုံသို့ပေးသည့် မူဆယ် မြို့လူမှု ကူညီရေး အသင်းမှ ဦးခင်မောင်လွင်မှ ပြောခဲ့သည်။ **" ကျနော်က လူနာကို မူဆယ်ကနေ မန္တလေး ပို့ဖို့အသွားမှာပါ။ ဖြစ်သွားတာက ကျနော် ကားရှေ့ မှာပါပဲ။ သေနတ်သံတော့ အကြီးကြီး မဟုတ်ဘူး။ တပ်မတော်က စီးလာတဲ့ လိုက်ထရတ်နဲ့ မှားပစ်တာ ခံရတာ။ ယာဉ်မောင်း ၂ ယောက်က ခြေထောက်မှာ ဒဏ်ရာ ရသွားတယ်။ မစိုးရိမ်ရပါဘူး"** လို့ ဦးခင်မောင်လွင်မှ ပြောခဲ့သည်။ (ShanNew)

ဩဂုတ်လ ၁၅ ရက်နေ့ ညနေပိုင်းတွင် ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ်၊ လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ် နမ့်ဖလွန်း (အောက်ရွာ) အနီး၌ တအာင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) မှ ခရီးသွားကားများကို ရပ်တန့်ခိုင်းပြီး မရပ်သည့် ကားများကို သေနတ်နှင့် ပစ်ခတ်ခဲ့တာကြောင့် ခရီးသွားနှစ်ယောက် ဒဏ်ရာရှိခဲ့သည်ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဩဂုတ်လ ၁၈ ရက်နေ့တွင် သတင်း ထုတ်ပြန်ခဲ့ပြီး TNLA ၏ သတင်းနှင့် ပြန်ကြားရေး တာဝန်ခံ မိုင်းအိုက်ကျော်မှ တပ်မတော်၏ ပြောဆိုချက်မှာ မမှန်ကြောင်း ပြန်လည် တုံ့ပြန် ပြောဆိုခဲ့သည်။ (RFA)

ဩဂုတ်လ ၁၇ ရက်နေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် တာလောကြီးရွာက ရွာသား ၄ ယောက်ကို ကချင်လွတ်လပ်ရေးတပ်မတော် (KIA) မှ ဖမ်းဆီး ခေါ်ဆောင်သွားပြီး၊ အဖြစ်မှန်ကိုသိရန် စုံစမ်းမေးမြန်းနေသည်ဟု တာလောကြီးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းထူးမှ ဩဂုတ်လ ၁၉ ရက်နေ့ တွင် ပြောခဲ့သည်။ **"ကျနော့်ကို လာသတင်းပို့တယ်။ လူ လေးယောက် ကေအိုင်အေ ဖမ်းသွားတယ်လို့၊ ကျနော့်ကို သတင်း လာပို့တော့ အဲဒါ အခု သတင်းပို့ထားတဲ့ ကေအိုင်အေ ဖမ်းတယ်ဆိုတာ ဘယ်သူမျက်မြင်သက်သေ ရှိလဲ။ သေချာလား၊ မသေချာဘူးလားဆိုတာကို အခုပြန်လည် စစ်ဆေး နေတာ။ ကလေးတွေကို ဖမ်းသွားတယ်လို့ ဒီရွာကို သတင်းပို့တယ်ဆိုတဲ့လူကို စောင့်နေတာဗျ။ မရောက်သေးလို့ ထိုင်စောင့် နေကြတာ"**ဟု ပြောခဲ့သည်။ (RFA) (Irrawaddy)

ဩဂုတ်လ ၁၇ ရက်နေ့ နံနက် ၈ နာရီတွင် တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) ၏ ဖမ်းဆီးထိန်းသိမ်းခြင်းခံရသည့် နမ့်ခမ်းမြို့နယ် ဟိုနောင်ရပ် ကွက်နေ နန်းမိုဟွမ်အား အပြစ်ပေး အရေးယူမည့် အချိန်တွင် မိသားစုဝင်နှင့် ဆွေမျိုးများကို ခေါ်ယူတွေ့ဆုံပေးမည်ဖြစ်ကြောင်း TNLA ၏ သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ဗိုလ်မှူးအိုက်ကျော်မှ ပြောခဲ့သည်။ **"ဖမ်းဆီးထားတာတော့ မှန်တယ်။ သူက ကျနော်တို့ ဥပဒေကို ချိုးဖောက်ထားလို့ ဖမ်းဆီးထားတာပါ။ လောလောဆယ် ကျနော်တို့လက်ထဲမှာ ကျန်းမာရေးကအစ ကောင်းကောင်းမွန်မွန် ရှိနေပါတယ်။ ဘာမှစိုးရိမ်စရာမရှိဘူး။ ဘယ်လို အပြစ်ပေး**

**အရေးယူမယ်ဆိုတာ မဆုံးဖြတ်ရသေးဘူး။ အပြစ်ပေးအရေးယူမယ့်အချိန်လဲ သူ့မိသားစု ဆွေမျိုးတွေကို ခေါ်ယူပြီး တွေ့ဆုံဖို့ စီစဉ်ပေးမှာ ဖြစ်ပါတယ်။ ဘာဥပဒေ ချိုးဖောက်လဲဆိုတာကိုတော့ ထုတ်ဖော် ပြောဆိုပိုင်ခွင့် မရှိသေးပါဘူး"** ဟု ဗိုလ်မှူးအိုက်ကျော်က ဩဂုတ် ၂၁ ရက်တွင် ပြောခဲ့သည်။ (Marnagar)

ဩဂုတ်လ ၂၁ ရက်နေ့ နံနက် ၈ နာရီအချိန်ခန့်တွင် နမ့်စန်မြို့နယ် အခြေစိုက် တပ်မတော် ခလရ (၂၄၇) ခြေလျင်တပ်ရင်းမှ တပ်မတော်စစ်ကြောင်း သည် ရှမ်းပြည်တောင်ပိုင်း နမ့်စန်မြို့နယ် လွယ်လကျေးရွာအုပ်စု လွိုင်လကျေးရွာနေ ဒေသခံပြည်သူလူထု၏ စိုက်ခင်း ခြံစည်းရိုးများအား ဖျက်ဆီးခဲ့ကြောင်း ဒေသခံများမှ ပြောခဲ့သည်။ တပ်မတော် ခလရ (၂၄၇) တပ်ရင်းသည် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် (ရလခ) ခိုလမ်မြို့ ၊ အမှတ်-၂ စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ် လက်အောက်ခံတပ်ရင်းဖြစ်ပြီး သျှမ်းပြည်တောင်ပိုင်း နမ့်စန်မြို့နယ်တွင် အခြေစိုက်သောတပ် ဖြစ်သည်။ (TaiFreedom)

ရှမ်းပြည်မြောက်ပိုင်း သီပေါမြို့နယ် အောင်မင်္ဂလာဘိုးတော်ဘုန်းကြီးကျောင်းရောက် နမ္မတူဒေသခံစစ်ဘေးရှောင် ၂၀၀ကျော်မှာ နေရပ်ပြန်ပြီး လယ်ယာ စိုက်ပျိုးရေး လုပ်ငန်းများ လုပ်ကိုင်လိုပါသော်လည်း နေ့စဉ်နှင့်အမျှ ကြားနေရသောပစ်ခတ်သံများကြောင့် နေရပ်မပြန်နိုင်သေးကြောင်း သီပေါ မြို့နယ် အောင်မင်္ဂလာဘိုးတော်ဘုန်းကြီးကျောင်းရောက် နမ္မတူဒေသခံ စစ်ဘေးရှောင်များပန်လုံအုပ်စု ပန်လုံရွာမှ ဒေသခံတဦးမှ ပြောခဲ့သည်။ **"ဒီမနက် ဩဂုတ်လ ၂၂ ရက် သေနတ်သံထပ်ထွက်တယ်။ ဘယ်အဖွဲ့နဲ့ဘယ်အဖွဲ့ တိုက်ကြတယ် လို့တော့မသိဘူး။ ကျနော်တို့ အခြေအနေ စောင့်ကြည့် နားထောင်နေပါတယ်။ တကယ်လို့တိုက်ပွဲပြင်းထန် လာရင်တော့ ကျနော်တို့ ရွာမှာကျန်နေတဲ့လူတွေ အကုန်လုံး သူတို့(သီပေါရောက်နေသူတွေ) နောက် လိုက်သွားရမှာ။ အဲ့ကြောင့် သူတို့ကိုဖုန်းဆက်တာ ရွာကိုမပြန်လာသေးဖို့ "**- ဟု ရွာအကြီးအကဲ အဖွဲ့ဝင်တဦးမှ ပြောခဲ့သည်။ (ShanNew)

သျှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA) နှင့် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) ပူးပေါင်းတပ်ဖွဲ့တို့ စစ်ဘေးရှောင် ဒေသခံ၏ နေအိမ်များအား ရှာဖွေမွှေနှောက်ပြီး ပစ္စည်းများယူဆောင်ခြင်း စသည့် လူ့အခွင့်အရေး ချိုးဖောက်မှုကြောင့် ဒေသခံများ ငွေကျပ် သိန်းဆယ်ချီ ဆုံးရှုံးခဲ့ရကြောင်း အိမ်တွင် မွေးမြူထားသည့် ကြက်များလည်း ခိုးယူစားသောက်ခြင်း ခံခဲ့ရကြောင်း ၊ ၎င်း SSPP/SSA နှင့် TNLA ပူးပေါင်းတပ်ဖွဲ့တို့ မိုင်းမုကျေးရွာအုပ်စုအတွင်း လှုပ်ရှားစဉ်ကာလ၌ မိုင်းမုကျေးရွာ အုပ်စုတွင် နေထိုင်သူ အပြစ်မဲ့ အရပ်သားပြည်သူတစ်ဦးအား အကြောင်းမဲ့ ရိုက်နှက်ခဲ့သေးကြောင်း ဒေသခံလူထုမှ Taifreedom သတင်းဌာနသို့ ပြောခဲ့ကြောင်း ဩဂုတ်လ ၂၄ ရက်နေ့တွင် သတင်းဖော်ပြခဲ့သည်။ (Taifreedom)

တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) ဖမ်းဆီးခဲ့သည့် ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့ ဟိုနောင်ရပ်ကွက်မှ နန်းမိုဟွမ် ဆိုသည့် အမျိုးသမီးကို မကြာခင်ပြန်လွှတ်ပေးမည်ဟု TNLA မှ ကတိပေးခဲ့ကြောင်း သျှမ်းပြည်တိုးတက်ရေးပါတီ (SSPP) မှဗိုလ်မှူးသန်းအောင်က ပြောခဲ့သည်။ **"မနေ့က တွေ့ဆုံခဲ့တာကတော့ အခြေအနေတော့ ကောင်းပါတယ်၊ သူတို့လည်း ဖမ်းထားတယ်လို့ ဝန်ခံ ပါတယ်၊ အတတ်နိုင်ဆုံးတော့ ဒီရက်ပိုင်းမှာ ဆုံးဖြတ်ချက်ချပြီးတော့ ပြန်လွှတ်ပေးမယ်လို့ ကတိဝန်ခံထားပါတယ်၊ သူတို့ဖမ်းထားတဲ့အကြောင်းကတော့ လောလောဆယ် မီဒီယာ မှာပြောလို့ မကောင်းလို့လေ"** ဟု ပြောခဲ့သည်။ (RFA)

# ရခိုင်

ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့ကိုသွားမယ့် ရခိုင်တိုင်းရင်းသား ၅၁ ယောက်ကို ကွန်ဟိန်းမြို့နယ်၊ သံလွင်ကူးတို့ ရဲကင်းစခန်းမှ မှတ်ပုံတင်များ သိမ်းယူပြီး ခရီးသွားခွင့်တားမြစ်လိုက်သည်ဟု တားမြစ်ခံရသည့် ရခိုင်တိုင်းရင်းသား ကိုမောင်မောင်သန်းမှ ပြောခဲ့သည်။ **"ကျနော်တို့က မရှိဆင်းရဲလို့ ဒီမှာ အလုပ် လာလုပ်တာလို့၊ ကျိုင်းတုံကနေပြီးတော့ မိုင်းလားတို့ဘာတို့ ခြံတွေ မှာပေါ့၊ အဲမှာသွားလုပ်တာလို့၊ ပိုက်ဆံကွက်တိယူလာတာလို့၊ နောက်ကြောင်း ပြန်လှည့်မယ်ဆိုရင်လည်း ကျွန်တော်တို့ အဆင်မပြေဘူး၊ ဒါကြောင့်မို့လို့ ကျနော်တို့ကို လမ်းစရိတ်လေးဘာလေး နည်းနည်းလုပ်ပေးဦး ဆိုတော့ သူတို့က ပြောတယ်၊ ငါတို့လုပ်ပိုင်ခွင့်နဲ့ ငါတို့ လုပ်ချင်လို့ လုပ်တာမဟုတ်ဘူးတဲ့၊ စရဖက နေပြီးတော့ ငါတို့ကို တားခိုင်းလို့ ငါတို့က တားရတာတဲ့၊ မင်းတို့တောင်း ချင်ရင် စရဖဆီကို သွားတောင်းလိုက်တဲ့၊ ကျနော်တို့က နိုင်ငံသားကတ်ပြားပါရဲ့သားနဲ့ ကိုယ့်နိုင်ငံမှာ လွတ်လပ်စွာသွားခွင့် မရှိဘူးဆိုတော့ ကျနော်တို့ကို ဘယ်လို အကြောင်းပြချက်နဲ့ ရခိုင်တစ်ခုတည်းကိုပဲ အဲဒီတံတားကို မသွားရတာဆိုတာကိုပဲ သိချင်တာပါ"** ဟု ပြောခဲ့သည်။ (RFA)

# အခြား

ရခိုင်ပြည်နယ် မြောက်ပိုင်းအပါအဝင် ကချင်နှင့် ရှမ်းပြည်နယ်များတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာမှုခင်းများ ကျူးလွန်ခဲ့သည့်အတွက် ကာကွယ်ရေး ဦးစီးချုပ် အပါအဝင် စစ်တပ်အရာရှိကြီး ငါးဦးကို စုံစမ်းစစ်ဆေး အရေးယူရန် ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေး မစ်ရှင် (FFM) အဖွဲ့မှ ဩဂုတ် ၂၇ ရက်နေ့တွင် တိုက်တွန်းခဲ့သည်။ **"ရခိုင်ပြည်နယ်မြောက်ပိုင်းက လူမျိုးသုန်း ဆောင်ရွက်မှုတွေအပြင် ရခိုင်၊ ကချင်နဲ့ ရှမ်းပြည်နယ်တွေက လူသားချင်း စာနာမှုဆိုင်ရာ မှုခင်းတွေအတွက် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အပါအဝင် မြန်မာ့တပ်မတော် ထိပ်တန်း ဗိုလ်ချုပ်ကြီးများကို စစ်ဆေး အပြစ်ပေးရမှာဖြစ်ပါတယ်"** လို့ ကုလသမဂ္ဂက ကျောထောက်နောက်ခံပြုထားသည့် အချက်အလက်ရှာဖွေရေး မစ်ရှင်အဖွဲ့မှ ပြောခဲ့သည်။ (Frontier) (BBC) (RFA)

ဩဂုတ်လ ၂၇ ရက်နေ့တွင် မြန်မာ့တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဖေ့ဘွတ်စာမျက်နှာ အသုံးပြုခွင့်ကို ဖေ့ဘွတ် ကုမ္ပဏီမှ ပိတ်ပစ်ခဲ့ကြောင်းထုတ်ပြန်ကြေညာခဲ့သည်။ **"မိမိတို့သည် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တပ်မတော်ပိုင် မြဝတီ ရုပ်မြင်သံကြားကွန်ယက် အပါအဝင် မြန်မာနိုင်ငံမှာ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်း ၂၀ ကို ပိတ်ပင်ထားသည်။ ထို လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများသည် နိုင်ငံတွင် ပြင်းထန်သော လူ့အခွင့်အရေးချိုးဖေါက်မှုများကျူးလွန်ခဲ့သည် သို့မဟုတ် ကျူးလွန်မှု ဖြစ်စေခဲ့သည်ဟူသော အထောက် အထားများကို ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ခန့်အပ်သော မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်ရှာဖွေရေးအဖွဲ့ အစီရင်ခံစာအပါအဝင် နိုင်ငံတကာ ကျွမ်းကျင်သူများ တွေ့ရှိခဲ့သည်။ လူမျိုးရေး၊ ဘာသာရေး ပိုမိုတင်းမာမှုများကို မီးထိုးပေးရန် မိမိတို့၏ ဝန်ဆောင်မှုကို ၎င်းတို့အသုံးမပြုနိုင်အောင် မိမိတို့လုပ်ဆောင်လိုသည်။ ထို့ကြောင့် ထိုလူပုဂ္ဂိုလ် အဖွဲ့အစည်းများနှင့် ဆက်စပ်နေသည့် ဖေ့ဘွတ်မှ စာမျက်နှာ ၆ ခုနှင့် အကောင့် ၆ ခု၊ အင်စတာဂရမ်မှ အကောင့်တခုတို့ကို ဖယ်ရှားလိုက်သည်"** ဟု ထုတ်ပြန်ကြေညာချက်တွင် ရေးထားသည်။ (Irrawaddy) (Mizzima) (MyanmarNow) (BBC) (RFA)

# မြေမြုပ်မိုင်း

ဩဂုတ် ၁၈ ရက် ညနေ ၄ နာရီတွင် ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ကာမိုင်းမြို့၊ ရှုဒူဖွပ်ကျေးရွာအုပ်စု၊ အောင်ရာကျေးရွာနေ ဦးကျော်စွာ(ဘ) ဦးချစ်ဝင်းသည် ရှုဒူဖွပ်ကျေးရွာ၏ အနောက် တောင်ဘက် ၃ မိုင်ခန့် အကွာ လော့ဒ်ဂျာကျေးရွာ တောင်ခြေအနီးသို့ အရောက်၌ နင်းမိုင်းတစ်လုံးအား နင်းမိ ပေါက်ကွဲခဲ့သဖြင့် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။ (Military)

# တွေ့ဆုံဆွေးနွေးမှု

## မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်

ဩဂုတ်လ ၂၀ ရက်နေ့ နံနက် ၁၀ နာရီ ၅၅ မိနစ်မှ ၁၁ နာရီ ၅၅ မိနစ်အချိန်ထိ မောင်တောမြို့နယ်၊ နယ်မြေ(၂)၊ အမှတ်(၁) နယ်ခြားစောင့် ရဲတပ်ဖွဲ့ခွဲ ငါးရန့်ချောင်း ကင်းစခန်းမှ ဒုတိယရဲမှူး အောင်ကျော်ကျော် ဦးစီးသည့် တပ်ဖွဲ့ဝင်(၁၅)ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၃၄) BGB တပ် Mongjoypara ကင်းစခန်းမှ Naib Subedar Md. Shahidul Islam ဦးစီး (၁၅) ဦးတို့သည် မိမိတို့နိုင်ငံ အသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ် မှတ်တိုင် (၄၁/၂)မှ (၄၂)ထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင် လှည့်ကင်းဆောင်ရွက်ခဲ့သည်။ (MOI)

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံတပ်ရင်းမှူးအဆင့် တွေ့ဆုံဆွေးနွေးပွဲကို ၂၀၁၈ ခုနှစ် ဩဂုတ် ၂၅ ရက် နေ့လည် (၁၂)နာရီတွင် မြန်မာနိုင်ငံဘက်အခြမ်း ဇီးပင်ချောင်း ချောင်းဝကင်းစခန်း၌ ပြုလုပ်ခဲ့သည်။ တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံသို့ဝင်ရောက်လာသော ကျွဲများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်းမှ ဝင်ရောက်လာသည်ကို စိစစ်တွေ့ရှိရ၍ ပြန်လည်လွှဲပြောင်းပေးမှု၊ မူးယစ်ဆေးဝါး တားဆီး ကာကွယ် နှိမ်နင်းရေး လုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ရန်၊ နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း လှည့်ကင်းဆောင်ရွက်ရန်နှင့် အချိန်နှင့်တစ်ပြေးညီ သတင်း ညှိနှိုင်းဖလှယ်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ နယ်ခြားစောင့် ရဲတပ်ဖွဲ့မှ ၇ ဦး၊ ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်မှ ၉ ဦးနှင့် ကျွဲပိုင်ရှင်တို့ တက်ရောက်ခဲ့ကြသည်။ (MOI)

## PC - KNPP

အစိုးရ ငြိမ်းချမ်းရေးကော်မရှင် PC နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP အဖွဲ့တို့ ၂၀၁၈ ဩဂုတ်လလယ်ပိုင်းတွင် ထပ်မံဆွေးနွေးရန် သဘောတူထားသော်လည်း နှစ်ဖက်တွေ့ဆုံနိုင်ခြင်း မရှိသေးဟု KNPP အထွေထွေအတွင်းရေးမှူး ၁ ခူးပလူးရယ်မှ ပြောခဲ့သည်။ **"ကျနော်တို့ နောက်ဆုံး အခြေအနေကတော့ ၂၁ ပင်လုံ တတိယအကြိမ် အစည်းအဝေးသွားရင်းနဲ့ပေါ့နော် ကျနော်တို့ ကိုယ်စားလှယ်အဖွဲ့တွေက သူတို့နဲ့ PC အဖွဲ့နဲ့ သွားတွေ့တာလေ၊ သွားတွေ့ပြီးတော့ ဒီလလယ်ထဲမှာပေါ့ တစ်ခါပြန်တွေ့ဖို့ အဲ့လို ဆွေးနွေးခဲ့ကြတာ ရှိတာလေ၊ အဲ့အပေါ်မှာပဲ ကျနော်တို့က စောင့်နေတာ သူတို့ဖက်က အကြောင်းကြားစာ ရှိမလာဘူးပေါ့၊ ရောက်လာမလားပေါ့၊ သူတို့ဖက်က ဘာမှမလာဘူးပေါ့ အဲ့လိုမျိုး ကျနော်တို့ စောင့်နေတာ၊ ကျနော်တို့ဆီကတော့ မရောက်သေးဘူး စာကိုလေ"** ဟု ဦး ခူးပလူးရယ်မှ ပြောခဲ့သည်။ (NMG)

## PC – FPNCC

ဩဂုတ်လ ၂၃ ရက်နေ့တွင် ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဦးဆောင်သော မြောက်ပိုင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၇ ဖွဲ့မှ ရေဘေးသင့်ဒေသများအတွက် အစိုးရထံ ကျပ်သိန်း ၄၀၀၀ ကျော် ပေးအပ်လှူဒါန်းခဲ့သည်။ ဒေါက်တာတင်မျိုးဝင်းဦးဆောင်သော ငြိမ်းချမ်းရေးကော်မရှင် နှင့် မြောက်ပိုင်းတိုင်းရင်းသားလက်နက်ကိုင် ၇ ဖွဲ့စုပေါင်းထားသော ပြည်ထောင်စု နိုင်ငံရေး ဆွေးနွေး ညှိနှိုင်းရေး အမြဲတမ်း ကော်မတီ(FPNCC) ကိုယ်စား ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီ လားရှိုးမြို့ဆက်ဆံရေးရုံးတာဝန်ခံ ဦးညီရမ်းနှင့် ဆက်ဆံရေးတာဝန်ခံ ဦးအိုက်စံရွှေတို့ ရန်ကုန်မြို့ရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာနတွင်တွေ့ဆုံ၍ FPNCC မှအလှူငွေများအပ်လှူဒါန်းခဲ့သည်။ အလှူငွေပေးအပ်ပွဲအပြီးတွင် မီဒီယာများ၏ မေးမြန်းမှု ကိုUWSAမှ လားရှိုးမြို့ ဆက်ဆံရေးတာဝန်ခံ ဦးညီရန်းမှဖြေကြားရာတွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် နှေးကွေးနေသော်လည်း မြောက်ပိုင်း လက်နက် ကိုင်အဖွဲ့ခုနစ်ဖွဲ့ပါဝင်သော ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးအမြဲတမ်းကော်မတီ(FPNCC)နှင့် ငြိမ်းချမ်းရေးကော်မရှင် အဆက်အသွယ် အမြဲရှိ နေကြောင်း ပြောခဲ့သည်။ (MyanmarTime) (Mizzma) (RFA) (7day) (MMST)

# အစည်းအဝေးများ

## JMC

ဩဂုတ်လ ၁၉ ရက်တွင် ရှမ်းပြည်နယ်၊ ခိုလမ်မြို့ ၌ တိုင်း/ပြည်နယ်အဆင့်နှင့် ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့် ရေး ကော်မတီများထံသို့ ရောက်ရှိလာသော အငြင်းပွားမှုနှင့် တိုင်ကြားစာများကို သက်ဆိုင်ရာ ကော်မတီအတွင်းရေးမှူးများ ပါဝင်သည့် အဖွဲ့ မှ အငြင်းပွားမှုနှင့် တိုင်ကြားစာများ သုံးသပ်ညှိနှိုင်းသည့် အစည်းအဝေး ပြုလုပ်ခဲ့သည်။ အစည်းအဝေးသို့ JMC-S (ရှမ်း) ဒုတိယဥက္ကဋ္ဌနှစ်ဦး၊ အတွင်း ရေးမှူးနှစ်ဦးနှင့် အဖွဲ့ဝင်သုံးဦး စုစုပေါင်း (၇) ဦး တက်ရောက်ခဲ့ပြီး လက်ခံရရှိသော အငြင်းပွားမှုနှင့် တိုင်ကြားစာများကို စိစစ်ပြီး ဆက်လက် ဆောင်ရွက်ရန် ဆွေးနွေး ညှိနှိုင်းခဲ့သည်။ (JMC)

ဩဂုတ်လ ၂၀ ရက်နေ့တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ၌ မွန်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ [JMC-S (မွန်)] ၏ (၁၇) ကြိမ်မြောက် အစည်းအဝေး ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် JMC-S (မွန်) ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောခဲ့ပြီး၊ JMC-S (မွန်) ဒုတိယဥက္ကဋ္ဌ (၂) ဒေါက်တာမိယဉ်ချမ်းမှအစည်းအဝေးတွင် ပွင့်ပွင့်လင်းလင်း တိုင်ပင်ဆွေးနွေးပြီး ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက် သွားကြရန် ပြောခဲ့သည်။ အစည်းအဝေးသို့ JMC-S (မွန်) ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမိုးအောင်၊ ဒုတိယ ဥက္ကဋ္ဌ (၂) ဒေါက်တာ မိယဉ်ချမ်းနှင့် ကော်မတီဝင်များ၊ သီးခြားဖိတ်ကြားထားသူများနှင့် နည်းပညာအထောက်အကူပြု ဝန်ထမ်းများ စုစုပေါင်း (၁၅) ဦး ပါဝင် တက်ရောက်ခဲ့သည်။ (JMC)

ဩဂုတ်လ ၂၀ ရက်နေ့တွင် တနင်္သာရီတိုင်း မြိတ်မြို့ ၌ တနင်္သာရီတိုင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ [JMC-S (တနင်္သာရီ)] ၏ (၁၉) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် JMC-S (တနင်္သာရီ) ဥက္ကဋ္ဌ ကမ်းရိုးတန်း ဒေသတိုင်းစစ် ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းထိုက်ရွှေ၊ JMC-S (တနင်္သာရီ) ဒုတိယဥက္ကဋ္ဌ (၁) ပဒိုစောဘီးလယ်၊ JMC-S (တနင်္သာရီ) ဒုတိယဥက္ကဋ္ဌ (၂) ဦးလှသန်းတို့မှ နှုတ်ခွန်းဆက်စကား ပြောခဲ့သည်။ အစည်းအဝေးသို့ ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ သီးခြား ဖိတ်ကြားထားသူများနှင့် နည်းပညာ အထောက်အကူပြုရုံး ဝန်ထမ်းများ ပါဝင်တက်ရောက်ပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့သည်။ (JMC) (Military)

ဩဂုတ်လ ၂၀ ရက်နေ့တွင် ရှမ်းပြည်နယ်၊ ခိုလမ်မြို့ ၌ ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ [JMC-S (ရှမ်း)] အစည်းအဝေး ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် JMC-S (ရှမ်း) ဥက္ကဋ္ဌ၊ JMC-S (ရှမ်း) ဒုတိယဥက္ကဋ္ဌ (၁)နှင့် JMC-S (ရှမ်း) ဒုတိယဥက္ကဋ္ဌ (၂)တို့မှ နှုတ်ခွန်းဆက် စကားပြောခဲ့သည်။ JMC-S (ရှမ်း) ၏ (၁၆) ကြိမ်မြောက် အစည်းအဝေးသို့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ဒုတိယဥက္ကဋ္ဌ (၂) စိုင်းမိုးသန့်၊ အဖွဲ့ဝင် သူရဦးဘိုနီနှင့် နည်းပညာ အထောက်အကူပြုရုံးမှ တာဝန်ရှိသူများ၊ သီးခြားဖိတ်ကြားထားသူများ စုစုပေါင်း (၄၁) ဦး ပါဝင် တက်ရောက်ခဲ့သည်။ (JMC) (TaiFreedom) (Military)

ဩဂုတ် ၂၁ ရက်တွင် ကရင်ပြည်နယ်၊ ဘားအံမြို့ ၌ ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ [JMC-S (ကရင်)] ၏ (၁၇) ကြိမ်မြောက် အစည်းအဝေး ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် JMC-S (ကရင်) ဥက္ကဋ္ဌ၊ JMC-S (ကရင်) ဒုတိယဥက္ကဋ္ဌ (၁)နှင့် JMC-S (ကရင်) ဒုတိယ ဥက္ကဋ္ဌ (၂) စောခရစ္စတိုဖာတို့မှ နှုတ်ခွန်းဆက်စကားများ ပြောခဲ့သည်။ JMC-S (ကရင်) ၏ (၁၇) ကြိမ်မြောက် အစည်းအဝေးသို့ ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌများ၊ ကော်မတီဝင်များ၊ သီးခြား ဖိတ်ကြားထားသူများနှင့် နည်းပညာအထောက်အကူပြု ဝန်ထမ်းများ စုစုပေါင်း (၂၆) ဦး ပါဝင် တက်ရောက် ခဲ့ပြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့သည်။ (JMC)

# KNU

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်-NCA အကောင်အထည်ဖော်မှုဆိုင်ရာ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပြန်လည်သုံးသပ်မည့် အလုပ်ရုံ ဆွေးနွေးပွဲတစ်ရပ်ကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ထဲထဲဝင်ဝင် ဆောင်ရွက်ခဲ့သူများနှင့် လုပ်ဆောင်သွားမည်ဟု KNU-ကရင်အမျိုးသား အစည်း အရုံးမှ ဩဂုတ်လ ၆ ရက်မှ ၂၄ ရက်နေ့အထိ ကျင်းပပြီးစီးခဲ့သည့် ဒုတိယအကြိမ် ဗဟို အမြဲတမ်း ကော်မတီ အစည်းအဝေး အပြီး ဩဂုတ်လ ၂၄ရက် နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ အစည်းအဝေးတွင် ဗဟိုအမြဲတမ်းကော်မတီဝင် (၅၅)ဦးအနက် (၄၆)ဦးနှင့် အထူးဖိတ်ကြားသူ (၆)ဦး တက်ရောက်ခဲ့ပြီး လက်ရှိ ပြည်တွင်း ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်ဆိုင်ရာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အကောင် အထည် ဖော်ခြင်းများနှင့် ပတ်သက်သည့် UPDJC (The Union Peace Dialogue Joint Committee) နှင့် JMC (Joint Cease-fire Monitoring Committee) ဆိုင်ရာ လုပ်ငန်းစဉ်များ၊ ကြားကာလဆိုင်ရာ အကောင်အထည်ဖော်မှု အခြေအနေများ၏ အားနည်းချက်၊ အားသာချက်နှင့် စိန်ခေါ်မှုများကို ဆွေးနွေး သုံးသပ်ခဲ့သည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ (KIC)

# နီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် သတင်းစာရှင်းလင်းပွဲများ

## NCA-S-EAOs

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအနက် အဖွဲ့ခြောက်ဖွဲ့ပူးပေါင်းပြီး စီးပွားရေး ကုမ္ပဏီတစ်ခုတည်ထောင်သွားမည်ဖြစ်ရာ ကုမ္ပဏီ မှတ်ပုံတင်ခြင်း လုပ်ငန်းများကိုလာမည့် စက်တင်ဘာလအတွင်းလုပ်ဆောင်သွားမည်ဖြစ် ကြောင်း ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဒုဥက္ကဋ္ဌ ဦးမြင့်ထွန်းမှ ဩဂုတ် ၁၅ ရက်တွင် ပြောခဲ့သည်။ ကုမ္ပဏီ ထူထောင်မည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များမှာပြီးခဲ့သည့် ၂၀၁၅ ခုနှစ်တွင် အပစ်ရပ်လက်မှတ်ရေးထိုးခဲ့သည့် အပစ်ရပ်ရှစ်ဖွဲ့အနက် မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်း သားများ ဒီမိုကရက်တစ် တပ်ဦး (ABSDF) ၊ ချင်းအမျိုးသားတပ်ဦး (CNF) ၊ ကရင်ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA) ၊ ဒီမိုကရေစီအကျိုးပြု ကရင့်တပ်မတော် (DKBA) ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) နှင့် ပအိုဝ်းအမျိုးသား လွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO) တို့ ဖြစ်သည်။ (RFA) (MMST)

# UPDJC

ပြည်ထောင်စု ငြိမ်းချမ်း ရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) နိုင်ငံရေးပါတီအစုအဖွဲ့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ရှင်းလင်းပွဲကို ဩဂုတ်လကုန်ပိုင်းတွင် မြစ်ကြီးနားမြို့ ၌ ပြုလုပ်မည်ဖြစ်ကြောင်း UPDJC နိုင်ငံရေးပါတီ ကိုယ်စားလှယ်များမှ ပြောခဲ့သည်။ ရှင်းလင်းပွဲသို့ ဒေသခံနိုင်ငံရေး ပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် မြို့မိမြို့ဖများအပြင် မြစ်ကြီးနားမြို့ အနီးတစ်ဝိုက်ရှိ စစ်ဘေး ဒုက္ခသည် စခန်းများမှ စစ်ဘေး ရှောင်များ တက်ရောက်နိုင်ရေး စီစဉ်မည်ဟု UPDJC နိုင်ငံရေးပါတီ အစုအဖွဲ့ အတွင်းရေးမှူး တာလုဖေမှ ပြောခဲ့သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆိုင်ရာ ရှင်းလင်းပွဲအား ဩဂုတ်လ ၂၉ ရက်နေ့မှ ၃၁ ရက်နေ့ အထိ ပြုလုပ်ရန် စီစဉ်ထားခြင်း ဖြစ်သည်။ (7day) (KNG)

# KNU

ဩဂုတ်လ ၁၄ ရက်နေ့တွင် လူထုအတွင်း ဖက်ဒရယ် အသိပညာပိုမိုပြန့်ပွားစေရန် ရည်ရွယ်၍ Forum of Federation (FOF) ၏ ဦးဆောင်မှုဖြင့် ကရင်အမျိုးသားအစည်းအရုံး (KNU) ခေါင်းဆောင်ငယ်များနှင့် ဖက်ဒရယ်ဆိုင်ရာ ဆရာဖြစ် သင်တန်းတစ်ခုအား ထိုင်း-မြန်မာနယ်စပ်တစ်နေရာ၌ ပြုလုပ်ခဲ့သည်။ ၅ ရက်တာပြုလုပ်မည့် သင်တန်း၌ KNU ၏ ဌာနဆိုင်ရာ ခေါင်းဆောင်များ၊ ခရိုင်(၇) ခုမှ ခေါင်းဆောင်များ စုစုပေါင်း သင်တန်းသူ၊ သင်တန်းသား (၃၀) ပါဝင်တက်ရောက်ခဲ့ရှိပြီး ဖက်ဒရယ်စနစ်ကိုအခြေခံပြီး တည်ဆောက်ထားသည့် နိုင်ငံများ၏ဖက်ဒရယ်စနစ်ကျင့်သုံးမှုများ၊ ဗဟိုချုပ်ကိုင်မှု လျှော့ချရေးဆိုင်ရာ စိန်ခေါ်မှုများ၊ မြန်မာနိုင်ငံနှင့်ကိုက်ညီနိုင်မည့် ဖက်ဒရယ်သဘောတရားများကို FOF မှ ဆွေးနွေးပို့ချခဲ့သည်။ (KIC)

# NMSP

ဩဂုတ် ၂၀ ရက်နေ့တွင် မွန်လူထုမှ ဦးဆောင်ကျင်းပသည့် မွန်တော်လှန်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ဆိုင်းဘုတ်ပါ **"တော်လှန်ရဲမှ လွတ်လပ် မည်"** ဆိုသည့် စာသားနှင့် ပတ်သက်၍ မွန်ပြည်သစ်ပါတီကို ပြည်နယ်အစိုးရမှ ခေါ်ယူတွေ့ဆုံမေးမြန်းခဲ့သည်ဟု မွန်ပြည်သစ်ပါတီ ဗဟိုကော်မတီဝင် နိုင်ဟံသာဗွန်ခိုင် မှပြောခဲ့သည်။ **"ပြည်နယ်အစိုးရက ခေါ်တွေ့တာက အဓိကက ဆိုင်းဘုတ်မှာပါတဲ့ တော်လှန်ရဲမှ လွတ်လပ်မည်ဆိုတဲ့ စာသားကိစ္စပါ။ ဒီလိုအချိန်မှာ ဒီလိုမျိုး စကားလုံးတွေ မသုံးသင့်ဘူးပေါ့နော်။ အဲလိုတော့ သူတို့ (အစိုးရ) က ပြောတယ်။ နောက်တစ်ခုက ဒီမွန်တော်လှန်ရေးနေ့ လုပ်တဲ့ကိစ္စက မွန်ပြည်သစ်ပါတီရဲ့ အစီအစဉ်နဲ့လားပေါ့နော်မေးတယ်၊ ကျနော်တို့ကတော့ ဒါကပြည်သူလူထုက လုပ်တယ်၊ ကျနော်တို့ မွန်ပြည်သစ်က အပိုင်းက ကျနော်တို့ လုပ်တယ် ဒီဘက်ပြည်တွင်းမှာက ပြည်သူလူထုတွေက လုပ်တယ်ဆိုတာကို ပြန်ရှင်းပြတယ်"** ဟုပြောခဲ့သည်။ (NMG) (Irrawaddy)

ဩဂုတ်လ ၂၆ ရက်နေ့တွင်ကျရောက်သော မွန်ပြည်သစ်ပါတီ၏ ၇၁ နှစ်မြောက် မွန်တော်လှန်ရေးနေ့တွင် မွန်ပြည်သစ်ပါတီ NMSP ဒု-ဥက္ကဋ္ဌ နိုင်ဟံသာမှ ပြည်တွင်း ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ဆွေးနွေးဖက်များ အကြား သဘောထားကွာဟနေမှုများ ရှိနေဆဲ ဖြစ်သော်လည်း အခြားတိုင်းရင်းသားများနှင့်အတူ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ပိုင်းဂန်းကြိုးစားအဖြေရှာသွားမည် ဟု မွန်ပြည်သစ်ပါတီ (NMSP) မှ ပြောခဲ့သည်။ **"ဒါက အဲ့ကိစ္စကို ဆွေးနွေးဖို့က တပ်မတော်ဘက်က Agenda ကို ညှိတဲ့အပိုင်းမှာ လက်ရှိမြန်မာပြည်ရဲ့ နယ်မြေ တွေအားလုံး ဘယ်အစိတ်အပိုင်းမှ လုံးဝကို ခွဲမထွက်ရဆိုတဲ့ မူကို လက်ခံမှ အဲ့ဒီကိုယ်ပိုင် ပြဋ္ဌာန်းခွင့်တို့ ပြည်နယ်အခွင့်အရေးပိုင်းတို့ စသဖြင့်ပေါ့ အဲ့ဒါကို ဆွေးနွေးမယ်လို့ လက်ခံမယ်လို့သူတို့ ပြောတာပေါ့ဗျာ။ အဲ့ကိစ္စမှာ နည်းနည်းတစ်စို့သွားတယ်ဗျ"** ဟုပြောသည်။ (NMG)

ဩဂုတ် ၂၆ ရက်နေ့တွင် ကျရောက်သည့် မွန်တော်လှန်ရေးနေ့ ဗဟိုအခမ်းအနားကိုမွန်ပြည်နယ် မုဒုံရှိ ဝင်းစိန်တောရ သာသနာ့ဝင်းတွင် ကျင်းပခဲ့ပြီးမွန် ပြည်နယ်အတွင်းမှ မွန်လူငယ်များ၊ မွန်လူထုများ သာမက ကရင်ပြည်နယ်မှ မွန်လူငယ်များလည်း တက်ရောက်ခဲ့သည်။ **"မွန်ခေါင်းဆောင်တွေ အသက်သွေးချွေးစတေးခဲ့ပြီး အမျိုးသားလွတ်မြောက်ရေးအတွက် တိုက်ပွဲဝင် ရုန်းကန်ခဲ့တဲ့တာကို ဂါရဝပြုတယ်၊ ပန်းတိုင်မရောက်သေးတဲ့ ကျနော်တို့ခေါင်းဆောင်တွေ ကြိုးပမ်းခဲ့တဲ့ အမျိုးသား လွတ်မြောက်ရေးအတွက်ကို ကျနော်တို့ ဆက်လက်တိုက်ပွဲဝင်သွားဖို့နဲ့ နောင်လာနောက်သားတွေ အတွက် တော်လှန်ရေးစိတ်ဓာတ်ရော တော်လှန်ရေးလမ်းစဉ်တွေနဲ့ လွတ်လပ်မှုရတဲ့အထိ ရည်ရွယ်ပြီးလုပ်တာပါ"** ဟု ပွဲကျင်းပရေးကော်မတီ ခေါင်းဆောင် မင်းဇာနည်ဦး မှ ပြောခဲ့သည်။ (NMG)

# Government

ဩဂုတ် ၂၅ ရက်နေ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမတွင် ပြုလုပ်သည့် ကချင်ပြည်နယ် အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် ဒေသခံများ ပထမဆုံးအကြိမ် တွေ့ဆုံပွဲတွင် ကချင်ပြည်နယ် ဝန်ကြီးချုပ်မှ ငြိမ်းချမ်းရေး၊ လမ်းပန်းဆက်သွယ်ရေး၊ တောင်တန်းမြေပြန့် တစ်ပြေးညီဖွံ့ဖြိုးရေး၊ မြစ်ကြီးနား စီးပွားရေးဇုန်ကိစ္စ၊ တရုတ်တစ်ရှူးငှက်ပျောကိစ္စ၊ လယ်ယာမြေပြဿနာများ ဖြေရှင်းရေးကိစ္စ၊ နယ်စပ်ရေးရာ ကုန်သွယ်ရေး ကိစ္စများ၊ တရားဥပဒေစိုးမိုးရေး ကိစ္စရပ်များကို တင်ပြခဲ့ပြီး ပြည်သူအားလုံး တတ်နိုင်သည့်ဘက်မှ ပါဝင်ကူညီကြရန် တိုက်တွန်းခဲ့ပြီး၊ တက်ရောက်လာသူများက စည်ပင်သာယာကိစ္စ၊ လမ်းတံတား ကိစ္စရပ်များ၊ ဘာသာရေးကျောင်း အငြင်းပွားမှုကိစ္စ၊ တရုတ်တစ်ရှူးငှက်ပျောကိစ္စ၊ မြေယာကိစ္စရပ်များ၊ မြစ်ဆုံဆည်စီမံကိန်းကိစ္စ၊ မူးယစ်ဆေးဝါး ကိစ္စရပ်များ၊ ဌာနအချို့တွင် ပြည်သူလူထုနှင့် အဆင်မပြေ ဖြစ်နေသည့် ကိစ္စရပ်များကို တင်ပြဆွေးနွေး ခဲ့ကြသည်။တွေ့ဆုံပွဲသို့ နိုင်ငံရေးပါတီမှ ခေါင်းဆောင်များ၊ လူမှုအဖွဲ့အစည်းခေါင်းဆောင်များ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဘာသာရေး အသင်းအဖွဲ့ခေါင်းဆောင်များ လူဦးရေ တစ်ထောင်ဝန်းကျင် တက်ရောက်ခဲ့သည်။ (Eleven)

ဩဂုတ်လ ၂၇ ရက်နေ့တွင် နေပြည်တော်၊ MICC – 1 ၌ ပြုလုပ်ခဲ့သည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် စီးပွားရေး လုပ်ငန်းရှင်များ တွေ့ဆုံပွဲတွင် နိုင်ငံ ဖွံ့ဖြိုးရေး အားလုံးက ညီညီညွတ်ညွတ် လက်တွဲ အလုပ်လုပ်ရန် လိုအပ်သဖြင့် "ခရိုနီ၊ ခရိုနီ"ဟု လက်ညှိုးထိုးနေခြင်းကို မကြိုက်ဘဲ မည်သည့် အချိန်မဆို ပြုပြင်ပြောင်းလဲရန် အခွင့်အရေးရှိကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ ပြောခဲ့သည်။ ဒေါ်အောင် ဆန်းစုကြည်မှ **"ကျမရှေ့တည့်တည့်မှာ ထိုင်နေတဲ့ တချို့ စီးပွားရေး လုပ်ငန်းရှင်တွေက ခရိုနီဆိုတဲ့ စကားကိုကြားကို မ ကြားချင်ပါဘူး။ ဒါပေမယ့် မပြောမဖြစ်လို့ ပြောလိုက်ရဦးမယ်။ ခရိုနီ၊ ခရိုနီဆိုပြီးတော့ လက်ညှိုးထိုးတာတွေ ရှိပါတယ်။ ကျမ ဒီလိုဟာ မျိုးကို မကြိုက်ပါဘူး။ ဖြစ်ပြီးတာတွေက ဖြစ်ပြီးပြီပေါ့နော်။ နောက်ပြီးတော့လည်း ဘယ်တော့မဆို ပြုပြင်ပြောင်းလဲဖို့ အခွင့်အရေးတွေ ဆိုတာ ရှိပါတယ်"**ဟု ပြောခဲ့သည်။ (Irrawaddy) (Mizzima) (RFA)

ဩဂုတ်လ ၂၈ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမ၌ နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် ရသစာပေ စကားဝိုင်း ပြုလုပ်ခဲ့ပြီး ရန်ကုန်တွင် ရှိသည့် ကျောင်းသား ၂၂ ဦး ပါဝင်ခဲ့ပြီး ကျောင်းသားအများစုမှ ပညာရေးစနစ် နိမ့်ကျနေခြင်းနှင့် ပတ်သတ်သည့် အကြောင်းအရာများကိုလည်း ပြောဆိုဆွေးနွေးခဲ့ပြီး ရသ စာပေ နှင့် ပတ်သတ်သည့် အကြောင်းအရာများကိုလည်း ဆွေးနွေးခဲ့သည်။ (Irrawaddy) (Eleven)

# UNFC

ဩဂုတ်လ ၂၆ ရက်နေ့တွင် ထိုင်း-မြန်မာနယ်စပ်တစ်နေရာတွင် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ-UNFC အနေဖြင့် လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ဆက်လက် ပါဝင်သွားနိုင်ရေးအတွက် ဗဟိုအလုပ်အမှု ဆောင်ကော်မတီ အစည်းအဝေး ပြုလုပ်ခဲ့သည်။ UNFC အနေဖြင့် နိုင်ငံရေးဆိုင်ရာညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (DPN)နှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးကော်မရှင်(PC) တို့အကြား တစ်ဆို့နေသည့် အချက်များအပေါ် ပြန်လည်သုံးသပ်ပြီး လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း ပါဝင်သွားနိုင်ရေးအတွက် အဓိကဆွေးနွေးခဲ့ခြင်းဖြစ်သည်ဟု ဗဟိုအလုပ်အမှုဆောင်ကော် မတီ ဝင် ဦးထွန်းဇော်မှ ပြောခဲ့သည်။ (KIC)

# CSSU

စက်တင်ဘာ ၃ ရက်မှ ၄ ရက်နေ့ အထိ ကျင်းပရန်ပြင်ဆင်ထားသည့် သျှမ်းပြည်ညီညွတ်ရေးကော်မတီ CSSU အစည်းအဝေးအား ကျင်းပခွင့်မ ပေးကြောင်း ဒေါ်အောင်ဆန်းစုကြည် ဥက္ကဌ အဖြစ် တာဝန်ယူနေသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေး ဗဟိုဌာန NRPC ရုံးမှ CSSU အလှည့်ကျ ဥက္ကဌ ဦးစိုင်းအိုက်ပေါင်းထံ ဩဂုတ်လ ၂၇ ရက်နေ့ နေ့လည်ပိုင်းတွင် ဖုန်းဖြင့် ဆက်သွယ် အကြောင်းကြားလိုက်သည် ဟု သျှမ်းပြည် ညီညွတ်ရေး ကော်မတီ (CSSU) တာဝန်ကျ အတွင်းရေးမှူးကြီး စိုင်းဘိုးအောင်မှ ပြောခဲ့သည်။ **"ချင်းမိုင်မှာ ကျင်းပဖို့လုပ်တုန်းကကော၊ ရန်ကုန်မှာ ကျင်းပတုန်းကကော အစိုးရ မှ လိုက်တားဆီး တာတွေ လုပ်ခဲ့ဖူးတယ်။ ဒီတခေါက် ဒီလိုမဖြစ်ရအောင် ကျနော် တာဝန်ကျ ဥက္ကဌ အနေနဲ့ တပ်ချုပ်ဆီ ကိုကော၊ NRPC ဥက္ကဌ ဒေါ်အောင်ဆန်းစုကြည်ထံကိုကော တရားဝင် စာရေးခဲ့တယ်။ တပတ်လောက် ရှိပြီ။ အစည်းအဝေး ကျင်းပဖို့ အကုန်ပြင် ဆင်ထားပြီးပြီ ၊ ဒီနေ့မှဘဲပေးမလုပ်ဘူးတဲ့။ ဘာ့ကြောင့်လဲ ဆိုတာတော့ မပြောဘူး။ ပေးမလုပ်တဲ့အကြောင်း စာပို့ထားတယ်ဘဲပြောတယ်။ စာရောက်မှ ဘဲ ကျနော် အသေးစိတ် ပြောနိုင်မယ်"** ဟု ပြောခဲ့သည်။ (ShanNew)

# အခြား

ဩဂုတ်လ ၁၆ ရက်နေ့ ညနေပိုင်းတွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ရခိုင်ပြည်နယ်ဆိုင်ရာ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ သံအမတ်ကြီး မစ္စရိုဆာရီယိုမယ်နာလို ဦးဆောင်သော ကော်မရှင်အဖွဲ့၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ပြုလုပ်ခဲ့ခဲ့သည်။ သတင်းစာ ရှင်းလင်းပွဲတွင် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်အနေဖြင့် မည်သူ့ကိုမျှ အပြစ်တင်မှု ပြုလုပ်နေမည် မဟုတ်ဘဲ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ဆောင်ကြဉ်းနိုင်ရေးအတွက် အားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် စုံစမ်းစစ်ဆေးမှုများပြုလုပ်ရာတွင် ၎င်းတို့၏ ဆောင်ရွက်ချက်များကို လွတ်လပ်ခြင်း၊ ဘက်လိုက်မှုကင်းခြင်း၊ ယုံကြည်စိတ်ချရခြင်း၊ သမာသမတ်ရှိခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းတို့ကို အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ပြီး အလွန်အရေးကြီးသည့် နေရာများနှင့် တိုက်ခိုက်မှုဖြစ်ပွားခဲ့သည့်နေရာများကိုလည်း စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွား မည် ဖြစ်ကြောင်း သံအမတ် ကြီးမစ္စရိုဆာရီယိုမယ်နာလိုမှပြောသည်။ (MOI) (RFA) (MMST) (7Day)

ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်ပြီး ဩဂုတ်လ ၂၆ ရက်နေ့တွင် ပြုလုပ်မည့် မဟာပညာကျော် စကားဝိုင်းကို ဗဟန်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီး ဌာနမှ တားမြစ်သည့်အတွက် ရက်ရွှေ့ဆိုင်းလိုက်သည်ဟု စကားဝိုင်း၌ ဆွေးနွေးမည့် မြန်မာ့နိုင်ငံရေး တိုင်းရင်းသားအရေး လေ့လာသုံးသပ်သူ ဦးမောင် မောင်စိုးမှ ပြောခဲ့သည်။ **"အရင်တုန်းကလည်း လုပ်နေကြတာပဲဗျ။ ပွဲမိန့်တောင်းရတယ် မတောင်းရတယ် ဒီဥပဒေကို ကျနော်တို့လည်း အသေး စိတ်လည်း မသိဘူး။ အခုဟာက လိုတယ်လို့ ပြောတာတော့ ဘာကြောင့်လည်း ကျနော်လည်း မသိပါဘူး ခင်ဗျ။ ကျတော့်အနေနဲ့ကတော့ ဥပဒေကို ပြန်လေ့လာရဦးမလို ဖြစ်နေတယ်ဗျ။ ကျနော်လည်း နားလည်ထားတာ ဟိုတယ် ကိုယ့်အဝန်းနဲ့ ကိုယ်ပေါ့ဗျာ။ ပြောကြဆိုကြတယ်ဆိုတာက ဘာကြောင့်ပြော ဘယ်လိုလဲပေါ့။ မင်္ဂလာဆောင်ရင်တောင် ပွဲမိန့် လိုတာမဟုတ်ဘူးလေ။ ဟိုတယ်ထဲမှာ ဒီလိုပဲ ကိုယ့်ရဲ့မိတ်ဆွေတွေ လာကြတာ ပဲလေ အဲဒါမျိုးပေါ့။ လမ်းမပေါ်ထွက် တာလည်း မဟုတ်ဘူးလေ ဘာကြောင့်လိုလဲဆိုတာတော့ ဥပဒေတွေ ပြန်လှန်ကြည့်ဖို့ လိုရမှာပဲ။ ကျနော်တို့ ရခိုင်ကိစ္စ ဆိုလည်း ကျနော်တို့အမြင်တွေ ကျနော်တို့ပြောနေတာပဲ။ တခြားမီဒီယာတွေမှာ ပွဲမိန့်ဆိုတာနဲ့ ပတ်သက်ပြီး ကျနော် အံ့ဩပါတယ်"** ဟု ပြောခဲ့သည်။ (RFA)

# ထုတ်ပြန်ချက်

ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ကို အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းနှင့် အရပ်သားကိုယ်စားလှယ်တွေ ပူးပေါင်းဖွဲ့စည်းထားပြီး ပြည်ထောင်စုအဆင့်မှာ (၂၆) ဦး၊ တိုင်း/ ပြည်နယ်အဆင့်မှာ (၁၄) ဦး၊ ဒေသဆိုင်ရာအဆင့်မှာ (၈) ဦးတို့နဲ့ ဖွဲ့စည်းထားသည်။ လိုအပ်ရင် အဖွဲ့ဝင် အရေ အတွက်ကို တိုးမြှင့်နိုင်ပြီး၊ ပြည်ထောင်စုအဆင့်မှာ (၂၇) ဦး၊ ရှမ်းပြည်နယ်မှာ (၁၈) ဦး၊ ကရင်ပြည်နယ်မှာ (၂၂) ဦး၊ လင်းခေးမှာ (၁၂) ဦး တို့အား လိုအပ်ချက်အရ အဖွဲ့ဝင် အရေအတွက် တိုးမြှင့်ခဲ့ခြင်းများရှိကြောင်းအား ဩဂုတ်လ ၁၅ ရက်နေ့တွင် JMC ၏ Facebook Page တွင် ဖော်ပြခဲ့သည်။ (JMC)

ချင်းပြည်နယ် တီးတိန်မြို့နယ် စကောလမ်းရပ်ကွက်ရှိ အမှတ် (၂၆၉) ခြေလျင်တပ်ရင်းမှ သိမ်းထားသော မြေဧက (၄၀) ကို မူလမြေကွက်ပိုင်ရှင်များထံ ပြန်လွှဲပေးမည်ဟု မြို့နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ ဩဂုတ်လ ၁၈ ရက်နေ့တွင် အမိန့် ထုတ်ပြန်ခဲ့သည်။ (Khonumthung)

တအာင်းမျိုးနွယ်စုအား လူသားစားမျိုးနွယ်ဟု စွပ်စွဲပြောကြားထားသည့် ဗီဒီယိုဖိုင်ကို လူမှုကွန်ရက်ပေါ်၌ Live လွှင့်ခဲ့သည့် ဖေ့စ်ဘွတ်ခ်အကောင့်ပိုင်ရှင် အမျိုးသမီးအနေဖြင့် ဂန်ချတောင်းပန်ရန်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှု မရှိပါက တည်ဆဲဥပဒေအရ ဖြေရှင်းမည်ဖြစ်ကြောင်း တအာင်းတိုင်းရင်းသားရေးရာ အရပ်ဘက်အဖွဲ့အစည်း ၁၉ ဖွဲ့ မှ ဩဂုတ် ၂၀ ရက်တွင် ကြေညာချက် ထုတ်ပြန်ခဲ့သည်။ (7day)

နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ စင်ကာပူနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်နှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်တစောင်အား ဩဂုတ်လ ၂၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ (MOI)

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့အနောက်ဘက် လီဒိုလမ်းမကြီးဘေး နမ်ကျင်ဒေသတွင် ပြည်နယ်အစိုးရမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် စီးပွားရေးဇုန်တစ်ခု တည်ထောင်ရာတွင် ကချင်ပြည်သူလူထုကို ကိုယ်စားပြုသည့် ကချင်နိုင်ငံရေး အစုအဖွဲ့များနှင့် ပူးပေါင်းဆွေးနွေးပြီးမှ အကောင်အထည်ဖော် ဆောင် ရွက်သင့်ကြောင်း ကချင်အမျိုးသားကွန်ဂရက်ပါတီ (KNC) က ဩဂုတ်လ ၂၃ ရက်နေ့တွင် သဘောထား ကြေညာချက် တစောင်ထုတ်ပြန်ခဲ့သည်။ (Voice)

ကချင်ပြည်နယ်တွင် ပြည်ထောင်စု အစိုးရဗဟိုမှ ခွင့်ပြုထားသည့် မြေဧက ငါးသောင်းကျော် အစိုးရမှ ပြန်သိမ်းယူခဲ့ကြောင်း၊ ကချင်ပြည်နယ်တွင် မြေလွတ်၊ မြေလပ်၊ မြေရိုင်း မြေအမျိုးစားကို ပြည်ထောင်စု အစိုးရဗဟိုမှ ခွင့်ပြုထားမြေ၊ ပြည်နယ် အစိုးရလုပ်ငန်းအဖွဲ့မှ ခွင့်ပြုထားမြေ၊ ဒေသ အာဏာပိုင်မှ ခွင့်ပြုထားမြေ သုံးမျိုးအနက် ပြည်ထောင်စုအစိုးရ ဗဟိုခွင့်ပြုမြေကို ပြည်နယ်အစိုးရမှ လုပ်ပိုင်ခွင့်မရှိသဖြင့် ပြည်နယ်မြေလွတ်၊ မြေလပ်၊ မြေရိုင်း အထူးအဖွဲ့မှ စိစစ်၍ ပြည်ထောင်စုသို့ တင်ပြခဲ့ပြီးနောက် ပြည်ထောင်စုက အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်ကြောင်းကချင်ပြည်နယ် အစိုးရအဖွဲ့ စိုက်ပျိုး မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး ဦးမြသိန်းမှ ဩဂုတ်လ ၂၃ ရက်နေ့တွင် ပြောခဲ့သည်။ (Eleven)

ဩဂုတ်လ ၂၅ ရက် ARSA တိုက်ခိုက်မှု နှစ်ပတ်လည်နေ့ နီးကပ်လာပြီး လူထု မငြိမ်သက်မှုများ ဖြစ်လာနိုင်သည့်အတွက် အမေရိကန်သံရုံး ဝန်ထမ်းများ အနေနှင့် ၂၀၁၈ခုနှစ် ဩဂုတ်လ ကုန်ဆုံးသည့်ကာလအထိ ရခိုင်ပြည်နယ် မြောက်ပိုင်း မောင်တော၊ ရသေ့တောင်၊ ဘူးသီးတောင်၊ ပုဏ္ဏကျွန်း၊ မြောက်ဦးနှင့်စစ်တွေမြို့များသို့ ခရီးသွားခြင်းမပြုကြရန် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးမှ သတိပေးစာထုတ်ပြန်ခဲ့သည်။ (VOA) (Mizzma)

ရခိုင်ပြည်နယ် လုံခြုံရေးစခန်းတွေကို ARSA အကြမ်းဖက်အဖွဲ့မှ ဝင်တိုက်ခိုက်ခဲ့တာ တစ်နှစ်ပြည့်မြောက်ခဲ့ပြီး အဆိုပါတိုက်ခိုက်ခဲ့ခြင်းများအား လက်တုံ့ပြန်သည့် အနေဖြင့် မြန်မာတပ်မတော်မှ ထိုးစစ်ဆင်နွှဲမှုများ ပြုလုပ်ခဲ့သည်များနှင့် ပတ်သက်ပြီး ဗြိတိန်အခြေစိုက် Burma Campaign UK မှ ကြေညာချက် တစ်စောင် ဩဂုတ်လ ၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ (RFA) (BurmaUKcampaign)

ရခိုင်ပြည်နယ် ငြိမ်းချမ်း တည်ငြိမ်ရေး ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက် ၈၈ ချက်ကို လက်တွေ့အကောင်အထည်ဖော်ခြင်းက ကွယ်လွန်သူ ဒေါက်တာ ကိုဖီအာနန်ကို ကြီးကျယ်သည့် ချီးကျူးဂုဏ်ပြုမှု ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးမှ ဩဂုတ်လ ၂၃ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။ (7Day)

# သဘောထားမှတ်ချက်

ဩဂုတ်လ ၁၅ ရက်နေ့တွင် ဝါရှင်တန်တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ရခိုင်ပြည်နယ်မြောက်ပိုင်းက ပြီးခဲ့တဲ့နှစ်ထဲ ပဋိပက္ခတွေအတွင်း ရိုဟင်ဂျာ များ အပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများသည် လူမျိုးတုန်း သတ်ဖြတ်မှုအဖြစ် သုံးနှုန်းပြောဆိုရမည့် အဆင့်အထိ ရောက်-မရောက် ဆိုတာကို မဆုံးဖြတ်ရသေးကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရ Heather Nauert မှ ဝါရှင်တန် နိုင်ငံရေးလောကအကြောင်း ရေးသားဖော်ပြနေသည့် Politico သတင်းဌာနမှ အစိုးရအတွင်းသတင်း ကိုးကားဖော်ပြခဲ့မှုကို တုန့်ပြန်ဖြေရှင်းရာတွင် ပြောခဲ့သည်။ (VOA)

ဩဂုတ်လ ၁၇ ရက်နေ့တွင် အမေရိကန် ပြည်ထောင်စုမှ ရိုဟင်ဂျာများအား လူမျိုးစု သုတ်သင်ရှင်းလင်းခြင်း ပြုလုပ်ခဲ့သည့်အတွက် မြန်မာ လုံခြုံရေး အရာရှိ ၄ ဦးနှင့် တပ်ဖွဲ့ ၂ ခု တို့ကို အရေးယူ ပိတ်ဆို့လိုက်ကြောင်း ကြေညာခဲ့သည်။ အရေးယူ ပိတ်ဆို့မှု စာရင်းဝင်သွားသည်မှာ ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ကျော်ဇော၊ ဗိုလ်ချုပ် ခင်မောင်စိုး၊ ဗိုလ်ချုပ် ခင်လှိုင်၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့အကြီးအကဲ ရဲမှူးချုပ် သူရ စန်းလွင်နှင့် အမှတ် ၃၃ နှင့် ၉၉ ခြေမြန်တပ်မများဖြစ်သည်။ (Irrawaddy) (Reuter)

ဘင်္ဂလားဒေ့ရှ်ဘက်ကို ထွက်ပြေးသွားခဲ့သည့် ရိုဟင်ဂျာ ၇ သိန်းခန့်အား ပြန်လည်လက်ခံရာတွင် ကူညီရန်အတွက် မြန်မာအစိုးရမှ သဘော တူထားသော်လည်း ယခုထိ ရခိုင်ပြည်နယ်ထဲသို့ သွားရောက်နိုင်ရန် ကုလသမဂ္ဂမှ စောင့်ဆိုင်းနေရဆဲ ဖြစ်နေသည်ဟု ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ် Knut Ostby မှ Reuters သတင်းဌာနသို့ ဩဂုတ်လ ၂၁ ရက်နေ့တွင် ပြောခဲ့သည်။ (VOA) (Reuters)

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်မြို့နယ်၊ ခိုလမ်မြို့နယ်ခွဲ၊ မက်မွန်လောင်း ကျေးရွာရှိ တအာင်း(ပလောင်)တိုင်းရင်းသားတချို့ လမ်းမပေါ် ညဘက် သွားလာနေသည်ကို Yuri Miko အမည်ဖြင့် ဖေ့စ်ဘွတ်သုံးစွဲသူ အမျိုးသမီးတဦးမှ ဖုန်းကင်မရာဖြင့် ရိုက်ကူးကာ သခဲ၊ သဘက်၊ ကြွတ် စသဖြင့် လူသား စားသည့် မျိုးနွယ်စုဟု ပြောကြား၍ လူမှုကွန်ယက် ဖေ့စ်ဘွတ်တွင် ဗီဒီယိုဖိုင်ဖြင့် Live လွှင့်ခဲ့သည့် အကောင့်ပိုင်ရှင်အား တည်ဆဲဥပဒေများဖြင့် ပြင်းပြင်း ထန်ထန် အရေးယူပေးရန် သမ္မတနှင့် လွှတ်တော်ဥက္ကဌများ အပါအဝင် သက်ဆိုင်ရာဌာနများသို့ ဩဂုတ်လ ၂၃ ရက်နေ့တွင် တိုင်ကြားလိုက်ကြောင်း မန်တုံမြို့နယ်၊ ပြည်သူ့လွှတ်တော်အမတ် ဒေါ်နန်းမိုးမှ ပြောခဲ့သည်။**"သူတစ်ဦးတစ်ယောက်ကြောင့် အမတို့ လူမျိုးထုတစုလုံးကို ဂယက်ရိုက်စေသွားတဲ့ ဒီလိုလုပ်ရပ်မျိုးကို သည်းခံစရာအကြောင်းလည်း မရှိသလို ခွင့်လွှတ်စရာအကြောင်းလည်း မရှိဘူး"** ဟု ပြောခဲ့သည်။ (Mizzma)

အကြမ်းဖက်တိုက်ခိုက်မှု တနှစ်ပြည့်သည့်ကာလတွင် ရခိုင်ပြည်နယ် မြောက်ပိုင်း၌အကြမ်းဖက်တာတွေထပ်မံ ဖြစ်ပွားလာမလားဆိုသည့် ဒေသခံများ၏ စိုးရိမ်မှုများကို လျှော့ပါးစေရန်အတွက် အရေးကြီး ကာလအဖြစ် သတ်မှတ်ဆောင်ရွက်နေသည်ဟု မောင်တောခရိုင် ဒုခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထူးမှပြော သည်။ (VOA)

ဩဂုတ်လ ၂၄ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)(MICC-2) ၌ ကျင်းပသည့် ၂၀၁၈ ခုနှစ်၊ ပညာ ရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တက်ရောက် အမှာစကားပြောခဲ့သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သည့် မိန့်ခွန်းအပြည့်အစုံကို အောက်ပါလင့်စ်တွင် ဖင် ရောက်ဖတ်ရှု့နိုင်ပါသည်။ (MOI)(RFA)

အသက် (၇၅) နှစ်အရွယ်ရှိ ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ပါတီဥက္ကဋ္ဌ ဦးခွန်ထွန်းဦး အနေဖြင့် ပါတီဥက္ကဋ္ဌ တာဂန်မှ နုတ်ထွက်ခွင့် တောင်းထားသော်လည်း ပါတီဗဟို အလုပ် အမှုဆောင်အဖွဲ့မှ မဆုံးဖြတ်ရသေး၍ ဥက္ကဋ္ဌအဖြစ် ဆက်ရှိနေကြောင်း ဦးခွန်ထွန်းဦးနေရာကို အခြားလူ အစားထိုးရန် အစီအစဉ်မရှိဟု SNLD ပြောရေးဆို ခွင့်ရှိသူ ဦးစိုင်းလိတ်မှ ပြောခဲ့သည်။ **"လူငယ်တွေကို နေရာဖယ် ပေးဖို့ဆိုတာ သူ့ရဲ့စေတနာပေ့ါ။ ဒါပေမဲ့ အခုအနေအထားအရက ဥက္ကဋ္ဌကြီး မရှိလို့ မဖြစ်ဘူး။ ဥက္ကဋ္ဌ ကြီးရဲ့ ဦးဆောင်လမ်းညွှန်မှုကို ကျွန်တော်တို့က မခံယူဘဲနဲ့ တခြားအစားထိုးဖို့၊ တခြားတစ် ယောက်ရွေးဖို့တို့ ဘာတစ်ခုမှ အစီအစဉ် မရှိသေးပါဘူး"** ဟု ဦးစိုင်းလိတ်မှ ပြောခဲ့သည်။ (7Day)

ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) အဖွဲ့ဝင်များဖြစ်သော ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) နှင့် ရခိုင် အမျိုးသားကောင်စီ (ANC) တို့မှာ အစိုးရနှင့် အပစ်ရပ်လက်မှတ်ထိုးရန် နည်းလမ်းပျောက်နေကြောင်း UNFC ဥက္ကဋ္ဌ နိုင်ဟံသာ မှ ပြောခဲ့သည်။ **"အခုက တော့ နည်းလမ်းတော့ မရှိသေးဘူးဗျ။ အခုက အစိုးရဘက်က သဘောထား ကြီးမှ ပေါ်မှာပဲ မူတည်တယ်။ ကျနော်တို့ ဆက်လက်ပြီးတော့မှ နည်းလမ်းရှာသွားမယ်လေ"** ဟု ပြောခဲ့သည်။ (Irrawaddy)

# တိုင်းရင်းသားပါတီ

ဩဂုတ် ၂၁ ရက်နေ့တွင် မော်လမြိုင်မြို့ရှိ မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ AMDP ဗဟိုဌာနချုပ်ရုံး၌ AMDP နှင့် မွန်အမျိုးသားပါတီ (MNP) မွန်နှစ်ပါတီပေါင်းစည်းရေး အကောင်အထည်ဖော်ဆောင်မှုကော်မတီနှင့် မွန်အမျိုးသား ကိုယ်စားပြုပါတီ တည်ထောင်ရေးအဖွဲ့တို့တွေ့ဆုံဆွေးနွေးခဲ့သည်။ တွေ့ဆုံရာတွင် မွန်နှစ်ပါတီမှ ဥက္ကဋ္ဌနိုင်တင်အောင်နှင့် ဒုဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ မွန်အမျိုးသား ကိုယ်စားပြုပါတီ တည်ထောင်ရေး အဖွဲ့မှ ခေါင်းဆောင် နိုင်တလညီ၊ နိုင်ရဲ ဇော်နှင့် အဖွဲ့ဝင်အချို့ တက်ရောက်ခဲ့သည်။ (MonNew)

Mon Unity Committee အဖွဲ့ဝင် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ (AMDP) နှင့် မွန်အမျိုးသားပါတီ (MNP) တို့ ဦးဆောင်ပြီး တတိယအကြိမ် ၂၁ ရာစု ပင်လုံ ငြိမ်းချမ်းရေး ညီလာခံအား ပြန်လည်သုံးသပ်ခြင်း (Review) ခေါင်းစဉ်ဖြင့် နိုင်ငံရေးဆွေးနွေးပွဲတစ်ရပ် ဩဂုတ်လ ၃၁ ရက်နှင့် စက်တာဘာလ ၁ ရက်နေ့တို့တွင် မော်လမြိုင်မြို့ရှိ ပိုင်ခေတ်ခန်းမတွင် ၂ ရက်တာ ပြုလုပ်ရန် စီစဉ်ထားပြီး၊ AMDP နှင့် MNP ပါတီတို့မှ ကိုယ်စားလှယ် ထစ်ဝက်စီ စုစုပေါင် ၁၅၀ ဦးခန့် ဖိတ်ကြားသွားမည်ဟု မွန်အမျိုးသားပါတီ အထွေထွေအတွင်းရေးမှူး နိုင်လယီတမမှ ပြောခဲ့သည်။ (MonNew)

၂၀၁၇ ဩဂုတ်လ ၂၅ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် ARSA အကြမ်းဖက်သမားတို့၏ တိုက်ခိုက်မှုကြောင့် သေဆုံးသွားသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ရခိုင်တိုင်းရင်းသားများ၊ ရခိုင်တိုင်းရင်းသား မျိုးနွယ်စုများ နှင့် ဟိန္ဒူဘာသာဝင် များအတွက် နှစ်ပတ်လည် ဝမ်းနည်းခြင်း အထိမ်းအမှတ် အခမ်းအနားကို စစ်တွေမြို့တွင် ၂၀၁၈ ဩဂုတ်လ ၂၅ ရက်နေ့ ၌ ပြုလုပ်မည်ဟု ရခိုင်အမျိုးသားပါတီ မှ အထွေထွေ အတွင်းရေးမှူးဖြစ်သူ ဦးထွန်းအောင်ကျော်မှ ပြောခဲ့သည်။ (Theladies) (RFA) (MMST)

# အခြား

ကရင်ပြည်နယ် ဖားအံမြို့တွင် ဒုတိယအကြိမ် ရေကြီးမှု ပြန်လည်ဖြစ်ပွားခြင်းကြောင့် ကယ်ဆယ်ရေးစခန်း ၂ ခု ထပ်မံ ဖွင့်လှစ်ထားရပြီး ရေဘေးရှောင် ပြည်သူ ၁,၀၀၀ ဦးကျော် ထပ်မံတိုးလာသည်ဟု ကရင်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးလင်းထွဋ်မှ ပြောခဲ့သည်။ **"ရေကထပ်တက်တော့ ကယ်ဆယ်ရေးစခန်း ၂ ခု ထပ်ဖွင့်တယ်။ ရေဘေးရှောင်ပြည်သူတွေက ရှိရင်းစွဲ လူဦးရေကနေ နောက်ထပ် တစ်ထောင်ကျော် တိုးလာ တာပေါ့။ စားနပ်ရိက္ခာအတွက်ကတော့ အလှူရှင်တွေ လှူဒါန်းထားတာ ရှိနေပါတယ်"** ဟု ဦးလင်းထွဋ်မှ ပြောခဲ့သည်။(KIC)

ဩဂုတ် ၁၉ ရက်နေ့တွင် စစ်တွေမြို့ အာရီယန်စားသောက်ဆိုင် ခန်းမတွင် ကျင်းပခဲ့သည့် ရခိုင်လူငယ်ညီလာခံ (တောင်ကုတ်မြို့) ဆိုင်ရာ သတင်းစာရှင်း လင်းပွဲနှင့် လုပ်ငန်းတာဝန်လွှဲပြောင်းပွဲအခမ်းအနားတွင် ရခိုင်ပြည်နယ်ရှိ မြို့နယ်တိုင်းတွင် လူငယ်စင်တာများ တည်ထောင်ရန် ရခိုင်လူငယ် ညီလာခံ မူဝါဒ အကောင်အထည်ဖော်ရေးကော်မတီမှ ဆောင်ရွက်မည်ဖြစ်ကြောင်း လူငယ်ညီလာခံမူဝါဒ အကောင် အထည်ဖော်ရေးကော်မတီမှ ကိုကျော်မျိုးစိုးမှ ပြောခဲ့သည်။ (7day)

ရှားတောမြို့နယ်၊ ဈေးပိုင်းရပ်ကွက် နှစ်ခြင်းအသင်းတော် ခန်းမဆောင်တွင် ကရင်နီလူငယ်များ နီးနှောဖလှယ်ပွဲ ၅ ရက်တာ ကျင်းပပြုလုပ်ရန် ပြည်နယ် အစိုးရမှ ခွင့်မပြုသော်လည်း ကရင်နီအမျိုးသားလူငယ် အစည်းအရုံးမှ အတွင်းရေးမှူး မော်မိုးမြာက ဆက်ဆက်ပြုလုပ်မည်ဟု ပြောဆိုသောကြောင့် ပြည်နယ်အစိုးရမှ ကန့်သတ်ချက် ၄ ချက်ဖြင့် အကြောင်းကြားစာ တစောင်အား ဩဂုတ်လ ၁၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့ သည်။ (Kantarawaddy)

ဩဂုတ်လ ၂၀ ရက်နေ့တွင် ရန်ကုန် မြောက်ပိုင်းခရိုင်တရားရုံး၌ ရိုက်တာသတင်းထောက်နှစ်ဦးအား ရုံးထုတ်စစ်ဆေးခဲ့သည်။ ရုံးထုတ် အပြီးတွင် ရိုက်တာ သတင်းထောက် နှစ်ဦးအား အမိန့်ချမည့် ဆုံးဖြတ်ချက်သည် မြန်မာ့သတင်းမီဒီယာ လွတ်လပ်ခွင့်၏ လက်ရှိအခြေအနေကို ထင်ဟပ်မည့် ဆုံးဖြတ်ချက် ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်သံရုံးက သတင်းထုတ်ခဲ့သည်။ (Netherlands Embassy)

ဩဂုတ်လ ၂၀ ရက်နေ့ မနက် ၉ နာရီတွင် ရှမ်းပြည်နယ်တွင်း ပြည်သူလူထုများ နှစ်ရှည်လများခံစားနေရသည့် စစ်ဘေးဒဏ်၊ သဘာဝဘေးဒဏ် အရပ်ရပ် ချုပ်ငြိမ်းပြီး ကိုယ်စိတ်နှစ်ပါးအေးချမ်းစွာ နေထိုင်သွားနိုင်စေရန် အတွက် ဆုတောင်းပွဲတရပ်အား ရှမ်းပြည်နယ်ရှိ နေရာအရပ်ရပ်၌ တပြိုင်နက်တည်း ပြုလုပ်ခဲ့သည်။ **"ငြိမ်းချမ်းရေး ဆုတောင်းပွဲတွေအရင်ကလည်း ရှိခဲ့ပါတယ်။ ဒီကနေ့ကတော့ ရှမ်းပြည်နယ် တခုလုံးနဲ့ နိုင်ငံခြားရောက်ရှမ်းသံဃာတွေကြား ဆုတောင်းပွဲ တနေ့တည်း၊ တချိန်တည်း တပြိုင်နက်တည်းလုပ်တာတော့ ထူးခြားမှုပေါ့၊ ပထမဆုံးအကြိမ်ပေါ့။ ဗုဒ္ဓရာဇဝင်အရ ဒီလ ဝါခေါင်လဟာ မေတ္တာတရား စီးဖျန်းတဲ့လ ဖြစ်တယ်၊ ဗုဒ္ဓဘုရား သက်တော်ထင်ရှားရှိစဉ်က မေတ္တာတရားနဲ့ ရန်သူကို အောင်နိုင်တဲ့ သာဓကတွေ အများကြီးရှိခဲ့ပါတယ်၊ ဥပမာ ဘုရားကို အန္တရာယ်ပြုမယ့် မုန်ယိုနေတဲ့ နာဠာဂီရိဆင်တော်ကြီးဟာ မေတ္တာသုတ်တန်ခိုးကြောင့် မာန်လျှော့ ဦးညွှတ်သွား တယ်၊ ဘုန်းဘုန်းတို့တော့ မေတ္တာသုတ်ရဲ့ စွမ်းအားကိုယုံကြည်တယ်။"** ဟု ဆုတောင်းပွဲဖြစ်မြောက်ရေး ဗဟိုအဖွဲ့ဖြစ်သည့် ရှမ်းပြည်နယ်လုံးဆိုင်ရာ သံဃာ့အဖွဲ့မှ ရုံးအဖွဲ့မှူး အရှင် ဉာဏသီရိမှ DVB သတင်းဌာနသို့ မိန့်ကြားခဲ့သည်။ (DVB)

ဩဂုတ် ၂၀ ရက်နေ့တွင် မြစ်ကြီးနားမြို့နယ် တရားရုံး၌ တပ်မတော်ကို အသရေဖျက်မှု ပုဒ်မ ၅၀၀ ဖြင့် တရားစွဲခံထားရသော ပိတ်မိ စစ်ဘေးရှောင်အရေး ဆန္ဒပြသူ သုံးဦးကို ၁၁ ကြိမ် မြောက်ရုံးချိန်းခေါ်ယူခဲ့ပြီး၊ စွဲချက်တင်ရန် သင့်၊ မသင့် ဩဂုတ် ၂၇ ရက်တွင် လျှောက်လဲချက်ပေးရမည်ဟု တရားစွဲခံ ထားရသူများ၏ ရှေ့နေ ကိုမုန်ဆိုင်းတူးမှ ပြောခဲ့သည်။ **"၂၇ မှာ စွဲချက်လျှောက်လဲ ချက်ရုံးချိန်း။ စွဲချက်လျှောက်လဲ ချက်ဆိုတော့ သက်သေ ထွက်ချက်တွေအရ စွဲချက်မတင်သင့် ဘူးလို့ လျှောက်လဲချက်ပေးမယ်"** ဟု ကိုမုန်ဆိုင်းတူးမှ ပြောခဲ့သည်။ (7day)

၂၀၁၈ မေလတွင် အစိုးရထောင်မှ လွတ်မြောက်လာသည့် သျှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA) မူစယ်ခရိုင် အုပ်ချုပ်ရေးမှူးအဆင့်ရှိ စဝ်စံမြင့်သည် ဩဂုတ်လ ၂၀ရက်နေ့တွင် မန္တလေး **ဆေးရုံ၌ ကွယ်လွန်ခဲ့သည်။ "မူစယ်မှာ ၂ နှစ်ကြာ ချုပ်နှောင်ထားပြီး လားရှိုးအကျဉ်းထောင်ကို ပို့တာ။ လားရှိုး ထောင်ကနေ မေလ ကလွတ်လာတယ်။ ဒီမနက်ဆုံးသွားတယ်။ သူဆုံးသွားတာ မိသားစုအတွင်း ဆုံးရှုံးမှုကြီး တင် မကဘူး။ တပ်အတွက် ဆုံးရှုံးမှု တခုဘဲ"** – ဟု ညီဖြစ်သူ SSPP/SSA ပြောခွင့်ရ ဗိုလ်မှူးစိုင်းဘုန်းဟန်မှ ပြောခဲ့သည်။ (ShanNew)

ဩဂုတ် ၂၀ ရက်နေ့တွင် အမှတ် (၈) လေကြောင်းရန် ကာကွယ်ရေးတပ်ရင်းမှ သိမ်းယူထားသည့် လယ်ယာမြေများ အနက် ၇၅ ဧကကျော်ကို မူလ စိုက်ပျိုး လုပ်ကိုင်သည့် တောင်သူ ၂၇ ဦးထံသို့ နေပြည်တော် ကောင်စီဥက္ကဋ္ဌမှ ဦးဆောင်၍ ပြန်လည်ပေးအပ်ခဲ့သည်။ (7day)

ကယားပြည်နယ်အတွင်း ပထမအကြိမ်ပြုလုပ်မည့် ကရင်နီလူငယ်များနီးနှောဖလှယ်ပွဲကို ပြည်နယ်အစိုးရအဖွဲ့၏ အကြောင်းကြားချက်အတိုင်း လိုက်နာ ဆောင်ရွက်မည် ဖြစ်ကြောင်း ပွဲကျင်းပရေးဦးဆောင်သူ ကရင်နီအမျိုးသား လူငယ်အစည်းအရုံး တွဲဖက် အတွင်းရေးမှူးမမော်မိုးမြာမှ ပြောခဲ့သည်။ လူငယ်နီးနှော ဖလှယ်ပွဲပြုလုပ်ရန် မူလကစီစဉ်ထားသည့် နေရာအစား ရှားတောမြို့နယ် မြောက်ပိုင်းစုစည်းကျေးရွာခန်းမတွင် ဩဂုတ် ၂၁ မှ ၂၄ ရက်အထိ ပြုလုပ် မည်ဖြစ်ပြီး ကရင်နီအမျိုးသားတိုးတက်ရေး ပါတီ (KNPP) ကဖွင့်ပွဲနှင့် ပိတ် ပွဲနေ့များ၌ တက်ရောက်၍ အမှာစကားပြောကြားပေးရန် အစီ အစဉ်တို့ကိုလည်း ပြောင်းလဲပေးခဲ့ကြောင်း၊ **"အရင်နေရာကနေ မရွှေ့ချင်ဘူးပေါ့။ လူငယ်အများစုဆန္ဒအရ ရေရှည် ပြန်စဉ်းစားပြီး တော့ ရွှေ့ပေးလိုက်တယ်။ အကုန် လုံးလိုက်လျောပေးလိုက်တယ်။ KNPP ကလည်း တက်ဖို့မရှိတော့ဘူး။ ကျွန်မတို့ဘက်က တော့ အဆင်မပြေမှုတွေ အများကြီး ရှိပါတယ်။ ဒါပေမဲ့ သည်းခံရမှာပေါ့"** ဟု မမော်မိုးမြာမှ ပြောခဲ့သည်။ (7day)

ရေဘေးဒုက္ခသည်များအား ကူညီထောက်ပံ့ပေးရန်အတွက် မြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ၏ ထည့်ဝင်ငွေကျပ် သိန်းလေးထောင်ကျော်ကို ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေး အမြဲတမ်းကော်မတီ (FPNCC) အတွင်းရေးမှူးအဖွဲ့မှ ကောက်ခံရရှိထားပြီး ဖြစ်သည် ဟု UWSA "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ လားရှိုးဆက်ဆံရေးရုံး တာဝန်ခံ ဦးညီရမ်းမှ ပြောခဲ့သည်။ **"ရေဘေးသင့်ပြည်သူတွေနဲ့ ကျနော်တို့ ထပ်တူရှိတဲ့ အကြောင်း ကျနော်တို့ ဖော်ပြချင်တယ်။ သွားလှူဖို့ ကျနော်တို့ စီစဉ်နေတယ်။ အခုလောလောဆယ်တော့ သိန်းလေးထောင်ကျော် ကျနော်တို့ ကောက်ခံရရှိထားတယ်။ ကျနော်တို့က ငြိမ်းချမ်းရေးကော်မရှင်ကို ပေးလှူဖို့ ပြီးတော့မှ ငြိမ်းချမ်းရေးကော်မရှင်ကတဆင့် လိုအပ်တဲ့နေရာ တွေကို ပေးဖို့ အဲလိုပေါ့နော်"**ဟု ပြောခဲ့သည်။ (RFA) (7day) (Eleven)

မြန်မာနိုင်ငံတွင် မုတ်သုံမိုးသည်းထန်ပြီး ရေဘေးဒဏ်အဆိုးဝါးဆုံးခံရသည့် ဒေသများအတွက် လူသားချင်းစာနာမှု အကူအညီအဖြစ် မြန်မာငွေ ကျပ် ၂၀၆ သန်းခွဲနှင့် ညီမျှသည့် ယူရိုငွေ တစ်သိန်း သုံးသောင်း ကူညီမည်ဟု EU - ဥရောပသမဂ္ဂက ဩဂုတ်လ၂၃ ရက်နေ့တွင် ပြောခဲ့သည်။ ရေဘေးဒဏ် အဆိုးဝါးဆုံး ကြုံရသည့် ပဲခူးတိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်မှ ရေဘေးဒုက္ခသည် တစ်သောင်းခွဲသည် အကူအညီများကို တိုက်ရိုက်ခံစားရမည်ဟု EU ကြေညာချက်တွင် ဖော်ပြခဲ့သည်။ (RFA)

၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလအတွင်း မဲဆန္ဒနယ်မြေများတွင် ပြိုင်ဖက်ပါတီများ ထိပ်တိုက်တွေ့ဆုံပြီး ပြဿနာ မဖြစ်ပွားစေရန်၊ အကြမ်းဖက်မှုများ မရှိစေရန်အတွက် နေပြည်တော်ရှိ ရွေးကောက်ပွဲကော်မရှင်ရုံး၌ ရွေးကောက်ပွဲဝင်မည့် နိုင်ငံရေးပါတီ ၂၄ ပါတီမှ ခေါင်းဆောင်များ၊ တသီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများနှင့် တွေ့ဆုံရာ၌ ဗဟိုမှနေ မြို့နယ်အဆင့်အထိ ရွေးကောက်ပွဲဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားမည်ဟု ရွေးကောက်ပွဲကော်မရှင်မှ နိုင်ငံရေးပါတီများကို ဩဂုတ်လ ၂၄ ရက်နေ့တွင် ပြောကြားခဲ့သည်ဟုကြံ့ခိုင်ဖွံ့ဖြိုးရေး ပါတီ ပြောရေးဆိုခွင့်ရှိသူ ဦးသိန်းထွန်းဦးမှ ပြောခဲ့သည်။ (RFA)

ဩဂုတ်လ ၂၄ ရက်နေ့ နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ချင်းတွင်းခန်းမ၌ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ထိုင်းနိုင်ငံမှ မိမိဆန္ဒ အလျောက်နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများ ပြန်လည်လက်ခံရေးဆိုင်ရာ ဒုတိယအကြိမ် မြန်မာ-ထိုင်း ပူးတွဲလုပ်ငန်းကော်မတီ အစည်းအဝေးကို မြန်မာ-ထိုင်းနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်များ ဦးဆောင်၍ကျင်းပခဲ့သည်။ ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာ အမြဲတမ်း အတွင်းဝန် ဦးမြင့်သူ ဦးဆောင်၍ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာ ဦးစီးဌာန ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေး ဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ် ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပညာရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ပဲခူးတိုင်း အစိုးရ အဖွဲ့ရုံး၊ စစ်ကိုင်းတိုင်း အစိုးရအဖွဲ့ရုံး၊ ကရင်ပြည်နယ်အစိုးရ အဖွဲ့ရုံး၊ ကယား ပြည်နယ်အစိုးရ အဖွဲ့ရုံးတို့မှ တာဝန်ရှိ သူများနှင့် ထိုင်းနိုင်ငံခြားရေး ဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် H.E.Ms.Busaya Mathelin ဦးဆောင်သော ထိုင်းနိုင်ငံ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။ (MOI)

"ဝ" ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) ဒုတိယစစ်ဦးစီးမှူး တစိုင်းစံသည် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့ နံနက်ပိုင်းတွင်ထိုင်းနိုင်ငံ ချင်းမိုင် ဆေးရုံတွင် ကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ (Taifreedom)

UEHRD နှင့် ILBC တို့ ပူးပေါင်းပြီး ရန်ကုန်တိုင်း တောင်ဒဂုံမြို့နယ် စက်မှုဇုံ ၁ ထဲတွင် ရွှေ့လျားဆေးကုသခန်း လှူဒါန်းသည့် အခမ်းအနား၌ ရခိုင်ပြည်နယ် မောင်တောဒေသကို ARSA အကြမ်းဖက်တိုက်ခိုက်မှုများ တကျော့ပြန်ဝင်ရောက်မည်ဆိုသည့် သတင်းများကြောင့် လုံခြုံရေးကို စိတ်ချရသည့် အခြေအနေ ဖြစ်အောင် စီစဉ်ထားသည်ဟု မြန်မာနိုင်ငံ အမျိုးသား လုံခြုံရေး အကြံပေး ဦးသောင်းထွန်းမှ ပြောခဲ့သည်။ (RFA)

ဩဂုတ် ၂၇ ရက်နေ့တွင် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၌ ဖမ်းဆီးခံထားရသည့် ရိုက်တာသတင်းထောက်နှစ်ဦးဖြစ်သူ ကိုဝလုံးနှင့်ကိုကျော်စိုးဦးတို့ကို အမိန့်ချရန် သတ်မှတ်ထားသော်လည်း တရားသူကြီးဖြစ်သူ ဦးရဲလွင် နေမကောင်းသောကြောင့် စက်တင်ဘာ ၃ ရက်ကို ရွှေ့ဆိုင်းလိုက်သည်ဟု ရိုက်တာသတင်း သမားဘက်မှ လိုက်ပါဆောင်ရွက်သည့် တရားလွှတ်တော် ရှေ့နေ ဦးသန်းဇော်အောင်မှပြောသည်။ **"ဖမ်းဆီးချုပ်နှောင် ခံထားရတဲ့ သူတွေအဖို့ တစ်ရက်ပဲ ရွှေ့လိုက်သည်ဖြစ်စေ၊ နှစ်ရက်ပဲရွှေ့လိုက်သည်ဖြစ်စေ သူတို့အပေါ် စိတ်ပိုင်းဆိုင်ရာအရ အရမ်းထိခိုက်စေတယ်။ သူ့မိသားစု အပေါ်မှာလည်း ထိခိုက်စေတယ်။ သူတို့ရဲ့ အခွင့်အရေး ထိခိုက်တာပေါ့"** ဟု ရန်ကုန်သတင်းစာပညာ သင်တန်းကျောင်း တည်ထောင်သူလည်းဖြစ်၊ ဝါရင့်သတင်း စာဆရာလည်း ဖြစ်သူ ဦးရဲနိုင်မိုးက ရုံးချိန်းရွှေ့ဆိုင်းလိုက်သည့်အပေါ် သုံးသပ်ပြောခဲ့သည်။ (Mizzima) (Frontier) (BBC) (RFA) (Reuters)

နိုင်ငံတော်ပုန်ကန်မှု အပါအဝင် ကြီးလေးသော ပုဒ်မများဖြင့် ဖမ်းဆီးတရားစွဲဆိုခံထားရသည့် အမ်းမြို့နယ် ပြည်သူ့လွှတ် တော်ကိုယ်စားလှယ် ဒေါက်တာ အေးမောင်နှင့် စာရေး ဆရာဝေဟင်အောင် တို့အမှုအား စွဲချက် တင်သင့် ၊ မတင့်သင့်ကို လာမည့် စက်တင်ဘာလ ၁၀ ရက်နေ့တွင် စစ်တွေခရိုင် တရားရုံး မှ အမိန့် ချမှတ်မည်ဟု ဒေါက်တာအေးမောင် အမှုအား လိုက်ပါဆောင်ရွက်သူ တရားလွှတ်တော်ရှေ့နေ ဦးအောင်ကျော်စိန်မှပြောသည်။ **"ဒီနေ့လျှောက် လဲချက်ပေးတယ်။ အမိန့်ချဖို့ စက်တင်ဘာ ၁၀ ရက်နေ့ ချိန်းတယ်။ အဲဒီမှာ တရားသူကြီးက စွဲချက် မတင်သင့်ဘူးဆိုတဲ့ ကျနော်တို့ဘက်က လျှောက်လဲ တင်ပြတာကို လက်ခံရင် စွဲချက်မတင်ဘဲ လွှတ်နိုင်တယ်။ သူကစွဲချက် တင်သင့်တယ်လို့ ယူဆရင် စွဲချက်တင်နိုင်တယ်ပေါ့၊ ဒါကတော့ တရားသူကြီး ဆုံးဖြတ်တဲ့ အပေါ်မှာ ပဲမူတယ် "** ဟုပြောသည်။ (Irrawaddy)

ဗိုလ်ချုပ်ဟောင်းများဦးစီးကာ ပါတီသစ်တည်ထောင်ခွင့်ပြုရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံတင်ပြထားသော "အမျိုးသားနိုင်ငံရေးပါတီ" တွင် ယခင်လွှတ်တော်ဥက္ကဋ္ဌဟောင်းနှင့် ဗိုလ်ချုပ်ကြီးဟောင်းလည်း ဖြစ်သူ၊ လက်ရှိ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ဆန်းစစ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ အမည်ပါဝင်လာခြင်း မရှိကြောင်း UEC မှ ပြောခွင့်ရပုဂ္ဂိုလ် ဦးမြင့်နိုင်မှ ပြောခဲ့သည်။ (Mizzima)

နိုင်ငံတော် လျှို့ဝှက်ချက်ဥပဒေဖြင့် တရားစွဲဆိုခံထားရသည့် ရိုက်တာသတင်းသမားနှစ်ဦးကို တရားသေ လွှတ်ပေးရန် ရိုက်တာသတင်းဌာနမှ ဩဂုတ် ၂၇ ရက်တွင် ထုတ်ပြန် ကြေညာခဲ့သည်။ **"ကိုဝလုံးနဲ့ ကိုကျော်စိုးဦးတို့ဟာ သူတို့ မကျူးလွန်ထားတဲ့ စွပ်စွဲချက်တွေနဲ့ အကျဉ်းထောင်ထဲမှာ ချုပ်နှောင်ခံထားရတာ ရှစ်လကျော်ရှိပြီ ဖြစ်ပါတယ်။ နောက်တစ်ပတ်ကျရင် ကျွန်တော်တို့ မျှော်လင့်ထားသလို တရားသေ လွှတ်ပေးပြီး သူတို့ မိသားစုတွေနဲ့ တွေ့ဆုံနိုင်မယ့်အမိန့်ချဖို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်"**ဟု ရိုက်တာ သတင်းဌာနထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ (MMST)

# နိုင်ငံတကာဆက်ဆံရေး

ဩဂုတ်လ ၁၄ ရက်နေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဇေယျာဝတီခန်းမ၌ မြန်မာ-ထိုင်းနှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်မှု ဆိုင်ရာ ပူးတွဲကော်မရှင်၏ (၉) ကြိမ်မြောက် အစည်းအဝေး ပြုလုပ်ရာ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် နှင့် ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေး ဝန်ကြီး မစ္စတာဒွန် ပရာမွတ်ဝီနိုင်းတို့မှ ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ အစည်းအဝေးတွင် မြန်မာ-ထိုင်းနှစ်နိုင်ငံ အကြား ဆက်ဆံရေးနှင့် ပူးပေါင်း ဆောင်ရွက်မှုမြှင့်တင်ရေး၊ စီးပွားရေး ပူးပေါင်းဆောင် ရွက်ရေးနှင့် လူမှု-ယဉ်ကျေးမှု ပူးပေါင်း ဆောင်ရွက် ရေး၊ နှစ်နိုင်ငံ ဆက်ဆံရေးအား မဟာဗျူဟာမြောက် မိတ်ဖက်ဆက် ဆံရေးအဆင့်သို့ တိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြားကုန်သွယ်မှုကို (၅)နှစ် အတွင်း နှစ်ဆ တိုးမြှင့်ရေး၊ ထိုင်းနိုင်ငံတွင် ရောက်ရှိနေကြသော မြန်မာနိုင်ငံသား အလုပ်သမားများ အခွင့်အလမ်း ကာကွယ် မြှင့်တင်ရေးအတွက် ဆက်လက် ကြိုးပမ်း ဆောင်ရွက်ရေး၊ စသည်တို့ကိုဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးအပြီးတွင် ပူးတွဲသတင်းစာရှင်းလင်းပွဲကို ပြုလုပ်ခဲ့သည်။ (MOI) (ScOffice)

ဩဂုတ်လ ၁၄ ရက်နေ့ နေ့လည် ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် (၉)ကြိမ်မြောက် မြန်မာ-ထိုင်းနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မရှင် အစည်းအဝေးနှင့် မြန်မာ-ထိုင်းနှစ်နိုင်ငံအကြား သံတမန် ဆက်သွယ်မှု ထူထောင်သည့်နှစ် (၇၀) ပြည့် အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ရန် မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ထိုင်းနိုင်ငံခြားရေး ဝန်ကြီး မစ္စတာ ဒွန်ပရာ မွတ်ဝီနိုင်းအား တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် မြန်မာ-ထိုင်းနှစ်နိုင်ငံ အကြား ဆက်ဆံရေးနှင့် ပူးပေါင်း ဆောင်ရွက်မှု မြှင့်တင်ရေး ၊ စီးပွားရေးနှင့် လူမှု-ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေး၊ ထိုင်းနိုင်ငံတွင် ရောက်ရှိနေကြသော မြန်မာနိုင်ငံသား အလုပ်သမားများ အခွင့်အလမ်းများ ကာကွယ် မြှင့်တင်ရေး အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသ တစ်လျှောက်ရှိ ပြည်နယ်များ အကြားထိတွေ့ဆက်ဆံမှုမြှင့်တင်ရေး၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် မြန်မာအစိုးရ၏ ကြိုးပမ်းနေမှုများကို အထောက်အကူပြုရေးအတွက် လယ်ယာ စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် လုပ်ငန်းများစသည် အကြောင်းအရာများနှင့် ပတ်သတ်၍ ဆွေးနွေးခဲ့သည်။ (MOI)

ဩဂုတ်လ ၁၄ ရက်နေ့ ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ M-Gallery Hotel ဧရာဝတီခန်းမ၌ မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှု ထူထောင်သည့် နှစ်(၇၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ပြုလုပ်ခဲ့ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက် အဖွင့် အမှာစကား ပြောကြားခဲ့သည်။ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးကျော်တင့်ဆွေ၊ ဦးသောင်းထွန်း၊ ဦးသန့်စင်မောင်၊ ဦးသိန်းဆွေ၊ ဦးအုန်းမောင်နှင့် ဦးကျော်တင်၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွတ် ဝီနိုင်၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်း၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး H.E.Mr. Jukr Boon-Long ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ (MOI) (ScOffice)

ကော့ဘဇား ဒေသရှိ ရိုဟင်ဂျာများအတွက် ထုတ်ပေးထားသည့် မှတ်ပုံတင်ကတ်များ၌ မြန်မာနိုင်ငံသားများဟူသော စကားစုနေရာတွင် ရခိုင်ပြည်နယ်မှ ရွှေ့ပြောင်း လာသူများဟူသော စကားစုဖြင့် အစားထိုးပေးရန် မြန်မာတာဝန်ရှိသူများမှ တောင်းဆိုခဲ့ရာ ယင်းတောင်းဆိုချက်ကို ဘင်္ဂလားဒေ့ရှ် နိုင်ငံဘက်မှ သဘောတူထားကြောင်း ဘင်္ဂလားဒေ့ရှ်တာဝန်ရှိသူတစ်ဦးက Benarnews အမည်ရှိ အွန်လိုင်း သတင်းဝက်ဘ်ဆိုက်မှ ဩဂုတ် ၁၃ ရက်တွင် ရေးသား ဖော်ပြခဲ့သည်။ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး အေအိတ်ချ်မာမွတ်အလီနှင့်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီး ဦးကျော်တင့်ဆွေတို့ တွေ့ဆုံ ဆွေးနွေးခဲ့စဉ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ သဘောတူခဲ့ခြင်းဖြစ်သည်ဟု ဘင်္ဂလားဒေ့ရှ်ကိုယ်စားလှယ် အဖွဲ့ဝင်တစ်ဦးမှ ပြောခဲ့သည်။ (MMST)

ဩဂုတ်လ ၁၆ ရက်နေ့ နေ့လည် ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် H.E. Dr. SurakiartSathirahai ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ အကြံပေးအဖွဲ့အား တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည် ဖော်ဆောင်ရွက်ရေး ကော်မတီသို့ အကြံပေး အဖွဲ့မှ တင်သွင်းခဲ့သော အပြီးသတ် အစီရင်ခံစာနှင့် ပတ်သက်၍ အကြံပေးအဖွဲ့ ဥက္ကဋ္ဌမှ ပြောခဲ့သည်။ တွေ့ဆုံမှုသို့ အကြံပေးအဖွဲ့ဝင်များအပြင် နိုင်ငံတော် အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန် ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိ သူများ၊ H.E. Dr. SurakiartSathirahaiနှင့် အတူ အကြံပေး အဖွဲ့ဝင်(၅)ဦး တို့ တက်ရောက်ခဲ့သည်။ (MOI) (BBC)

ဩဂုတ်လ ၂၀ ရက်နေ့တွင် စင်ကာပူနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် လီကွမ်ယု ပြည်သူ့ရေးရာမူဝါဒကျောင်းကို သွားရောက်ခဲ့ပြီး ကျောင်းဘုတ်အဖွဲ့ အကြီးအကဲဖြစ်သည့် ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး Mr. Goh Chok Tongနှင့် တွေ့ဆုံခဲ့သည်။ ထို့နောက် ၂၁ ရက်နေ့တွင် Grand Hyatt ဟိုတယ်၌ "မြန်မာ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး၊ စိန်ခေါ်မှုများနှင့် ရှေ့လမ်းခရီး" ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အခန်းကဏ္ဍနှင့် ပတ်သတ်၍ ပြောဆိုခဲ့သည်။ ခရီးစဉ်အတွင်း အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စု အစိုးရအဖွဲ့ရုံး ဂန်ကြီးဌာန ပြည်ထောင်စု ဂန်ကြီး ဦးသောင်းထွန်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိကြီးများတို့ ပါဝင်ခဲ့ပြီး ဩဂုတ်လ ၂၂ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိခဲ့သည်။ (VOA) (VOA) (MyanmarTime) (7day) (VOA) (RFA) (7day) (MyanmarTime)

မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် အိန္ဒိယနိုင်ငံ ရေတပ်မှ စစ်ရေ ယာဉ်မှူး ဖြစ်သူ Commander V SHIRDIKANT ဦးဆောင်ပြီး အရာရှိ၊ စစ်သည်များ လိုက်ပါလာသော ကော်ဗက် အမျိုးအစား စစ်ရေယာဉ် Khanjar (P-47) သည် ဩဂုတ်လ ၂၀ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့၊ သီလဝါဆိပ်ကမ်း၊ MITT တံတားမှ ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ နိုင်ငံစစ်သံမှူးနှင့် တာဝန်ရှိသူများမှ ပို့ဆောင်နှုတ်ဆက်ကြသည်။အဆိုပါစစ်ရေယာဉ်တွင် စစ်ရေယာဉ်မှူး ဖြစ်သူ Commander V SHIRDIKANT ဦးဆောင်၍ အရာရှိ ၁၇ ဦး၊ အခြားအဆင့် ၁၀၆ ဦးတို့လိုက်ပါလာပြီး မြန်မာနိုင်ငံတွင် ဩဂုတ် ၁၈ ရက်နေ့တွင်ရောက်ရှိပြီး လေ့လာရေးခရီး လည်ပတ်ခြင်းများ ပြုလုပ်ခဲ့သည်။ (Military)

ဩဂုတ် ၂၁ ရက်၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကို ပေးအပ်ချီးမြှင့်ထားသည့် အီဒင်ဘတ် လွတ်လပ်ခွင့်ဆု (Freedom of Edinburgh) ကို အီဒင်ဘတ်မြို့တော်မှ ပြန်လည် ရုပ်သိမ်းခဲ့ကြောင်း The Guardian သတင်းဌာနတွင် ဖော်ပြခဲ့သည်။ (7day) (TheGuardian)

ဩဂုတ်လ ၂၄ ရက်နေ့တွင် ကျရောက်သည့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှု ထူထောင်သည့် နှစ် (၇၀) ပြည့်အား ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း) တို့သည် ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အပြန်အလှန် ပေးပို့ခဲ့သည်။ (ScOffice)(MOI)

မြန်မာနိုင်ငံ သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့သည် နီပေါနိုင်ငံ သမ္မတ မစ္စစ်ဘီဒီယာဒေဗီဘန်ဒါရီ ၏ ဖိတ်ကြားချက် နီပေါနိုင်ငံသို့ တရားဝင် ချစ်ကြည်ရေးခရီး သွားရောက်မည် ဖြစ်သည်။ နိုင်ငံတော်သမ္မတသည် ကတ္တမန္ဒူးမြို့ ၌ ပြုလုပ်မည့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီး အစည်း အဝေးသို့လည်း ချစ်ကြည်ရေး ခရီးစဉ်နှင့် တစ်ဆက်တည်း တက်ရောက် မည်ဖြစ်သည်။ (MOI)

ရခိုင်ပြည်နယ်မြောက်ပိုင်းအပါအဝင် ကချင်နှင့် ရှမ်းပြည်နယ်များတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာမှုခင်းများ ကျူးလွန်ခဲ့သည့်အတွက် ကာကွယ်ရေး ဦးစီးချုပ် အပါအဝင် စစ်တပ်အရာရှိကြီး ငါးဦးကို စုံစမ်းစစ်ဆေး အရေးယူရန် ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေး မစ်ရှင် (FFM) အဖွဲ့မှ ဩဂုတ် ၂၇ ရက်နေ့တွင် တိုက်တွန်းခဲ့သည်။ **"ရခိုင်ပြည်နယ်မြောက်ပိုင်းက လူမျိုးသုန်း ဆောင်ရွက်မှုတွေအပြင် ရခိုင်၊ ကချင်နဲ့ ရှမ်းပြည်နယ်တွေက လူသားချင်း စာနာမှုဆိုင်ရာ မှုခင်းတွေအတွက် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အပါအဝင် မြန်မာ့တပ်မတော် ထိပ်တန်း ဗိုလ်ချုပ်ကြီးများကို စစ်ဆေး အပြစ်ပေးရမှာဖြစ်ပါတယ်"** လို့ ကုလသမဂ္ဂက ကျောထောက်နောက်ခံပြုထားသည့် အချက်အလက်ရှာဖွေရေး မစ်ရှင်အဖွဲ့မှ ပြောခဲ့သည်။ (Frontier) (BBC) (RFA)

ဩဂုတ်လ ၂၇ ရက်နေ့တွင် မြန်မာ့တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဖေ့ဘွတ်စာမျက်နှာ အသုံးပြုခွင့်ကို ဖေ့ဘွတ် ကုမ္ပဏီမှ ပိတ်ပစ်ခဲ့ကြောင်းထုတ်ပြန်ကြေညာခဲ့သည်။ **"မိမိတို့သည် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တပ်မတော်ပိုင် မြဝတီ ရုပ်မြင်သံကြားကွန်ယက် အပါအဝင် မြန်မာနိုင်ငံမှ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်း ၂၀ ကို ပိတ်ပင်ထားသည်။ ထိုလူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများသည် နိုင်ငံတွင် ပြင်းထန်သော လူ့အခွင့်အရေးချိုးဖေါက်မှုများကျူးလွန်ခဲ့သည် သို့မဟုတ် ကျူးလွန်မှု ဖြစ်စေခဲ့သည်ဟူသော အထောက် အထားများကို ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ခန့်အပ်သော မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်ရှာဖွေရေးအဖွဲ့ အစီရင်ခံစာအပါအဝင် နိုင်ငံတကာ ကျွမ်းကျင်သူများ တွေ့ရှိခဲ့သည်။ လူမျိုးရေး၊ ဘာသာရေး ပိုမိုတင်းမာမှုများကို မီးထိုးပေးရန် မိမိတို့၏ ဝန်ဆောင်မှုကို ၎င်းတို့အသုံးမပြုနိုင်အောင် မိမိတို့လုပ်ဆောင်လိုသည်။ ထို့ကြောင့် ထိုလူပုဂ္ဂိုလ် အဖွဲ့အစည်းများနှင့် ဆက်စပ်နေသည့် ဖေ့ဘွတ်မှ စာမျက်နှာ ၆ ခုနှင့် အကောင့် ၆ ခု၊ အင်စတာဂရမ်မှ အကောင့်တခုတို့ကို ဖယ်ရှားလိုက်သည်"** ဟု ထုတ်ပြန်ကြေညာချက်တွင် ရေးထားသည်။ (Irrawaddy) (Mizzima) (MyanmarNow) (BBC) (RFA)